

FISHERS' RIGHTS NETWORK

# ထိုင်းနိုင်ငံ၏ ဆိပ်ကမ်းအဝင်အထွက် (PIPO) စစ်ဆေးမှုများနှင့် ILO - တံငါသည်များအား မကာကွယ်ပေးနိုင်မှု၊ ပင်လယ်စာ ထောက်ပံ့ရေးကွင်းဆက်များ အန္တရာယ်ရှိနေမှု

၂၀၁၉ ခုနှစ်တွင် ILO သဘောတူညီချက်အမှတ် ၁၈၈ (ငါးဖမ်းလုပ်ငန်း) ကို တရားဝင်ပြဋ္ဌာန်းခဲ့သော်လည်း ထိုင်းနိုင်ငံသည် သဘောတူညီချက်ဆိုင်ရာ အဓိကပြဋ္ဌာန်းချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ခြင်း သို့မဟုတ် လိုက်နာခြင်း မရှိခဲ့ပေ။ **PIPO (Port-in Port-out)** စစ်ဆေးရေးစနစ်သည် တံငါသည်များအား အလုပ်သမားခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်ရန် အစဉ်အမြဲပျက်ကွက်၍ သဘောတူညီချက်အမှတ် ၁၈၈ စံနှုန်းများကို မလိုက်နာသည့်အပြင် ထိုင်းပင်လယ်စာ ထောက်ပံ့ရေးကွင်းဆက်များသည် အတင်းအဓမ္မအလုပ်ခိုင်းစေခြင်းမှ ကင်းစင်ကြောင်း ခိုင်လုံသောအထောက်အထားများ ပေးနိုင်ခြင်းမရှိသောကြောင့် လက်မှတ်ရေးထိုးထားသော နိုင်ငံများကို ၎င်း၏ ကိုယ်ပိုင်သဘောတူညီချက်စံနှုန်းများ လိုက်နာရန် တာဝန်ရှိစေအောင် လုပ်နိုင်သည့် **ILO** ၏ စွမ်းရည်နှင့် လုပ်လိုသည့် ဆန္ဒအပေါ် မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

# အစီရင်ခံစာ အကျဉ်းချုပ်

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) အနေဖြင့် ထိုင်းနိုင်ငံအား သဘောတူညီချက်အမှတ် ၁၈၈ (၂၀၀၇ ခုနှစ်၊ ငါးဖမ်းလုပ်ငန်းဆိုင်ရာ သဘောတူညီချက် (C188) ဟုလည်း ခေါ်သည်) ကို ထိထိရောက်ရောက် အကောင်အထည်ဖော်မှုနှင့် လိုက်နာစေမှုအတွက် တာဝန်ခံခိုင်းရန် ပျက်ကွက်ခြင်းသည် ကြီးမားသော စိုးရိမ်စရာတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် ကမ္ဘာတစ်ဝှမ်းရှိ တံငါသည်များ၏ အခွင့်အရေးနှင့် အလုပ်ခွင်အခြေအနေများကို ကာကွယ်ရာတွင် အဆိုပါသဘောတူညီချက်သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သောကြောင့် ၎င်းကိစ္စရပ်သည် ပို၍ပင် အရေးကြီးပါသည်။ ထို့အပြင် ထိုင်းနိုင်ငံသည် C188 ကို တရားဝင်ပြဋ္ဌာန်းသော ပထမဆုံးအရှေ့တောင်အာရှနိုင်ငံဖြစ်သည့်အချက်နှင့် ILO သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့နှင့် အလားတူ သဘောတူညီချက်ကို တရားဝင်ပြဋ္ဌာန်းရန်အတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေသည့်အချက်ကို တွေးတောကြည့်လျှင် ILO သည် အခြားနိုင်ငံများကို ထိုသဘောတူညီချက်အား တရားဝင်ပြဋ္ဌာန်းလိုချင်စိတ်မရှိအောင် ပြုလုပ်ခြင်းမှ ရှောင်ရှားလိုသည့်ရည်ရွယ်ချက်ဖြင့် ထိုင်းနိုင်ငံအပေါ် C188 စံနှုန်းများကို လိုက်နာကျင့်သုံးမှုရှိကြောင်း သေချာစေရန် အများဆုံးဖိအားပေးရမည့် ၎င်း၏ တာဝန်များကို ထမ်းဆောင်ခြင်းမှ တမင်တကာ ရှောင်ကြဉ်နေသလားဟု စဉ်းစားချင်စရာရှိလေသည်။ ဤကိစ္စရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျ အကဲဖြတ်ရန်အတွက် အဓိကကျသည့် အချက်များစွာကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။

## C188 အား မလိုက်နာခြင်း

C188 တွင် လက်မှတ်ရေးထိုးထားသည့်နိုင်ငံတစ်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံသည် သဘောတူညီချက်၏ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန်နှင့် လိုက်နာကြောင်း သေချာစေရန် ပြုလုပ်ရမည့် တာဝန်ဝတ္တရားရှိသည်။ C188 တွင် မျှတသော လုပ်ခကြေးငွေ၊ သင့်တင့်သော အလုပ်ချိန်များ၊ လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေးစံနှုန်းများနှင့် လူမှုဖူလုံရေး အကာအကွယ်များကဲ့သို့သော တံငါသည်များအတွက် အရေးကြီးသည့် အကာအကွယ်များ ပါဝင်ပါသည်။ PIPO စစ်ဆေးရေးယန္တရားမှတဆင့် အဆိုပါတာဝန်ဝတ္တရားများကို ပြည့်မီရန် ထိုင်းအစိုးရ၏ပျက်ကွက်မှုသည် ILO နှင့် နိုင်ငံတကာအသိုင်းအဝိုင်းအပေါ် ၎င်းတို့၏ ကတိကဝတ်များကို ရှင်းလင်းစွာ ချိုးဖောက်ခြင်းဖြစ်သည်။

## ရွှေ့ပြောင်းတံငါသည်လုပ်သားများအပေါ် သက်ရောက်မှု

PIPO ၏ C188 ကို ထိရောက်စွာ အကောင်အထည်ဖော်ရန်နှင့် လိုက်နာကြောင်း သေချာအောင်လုပ်ရန် ပျက်ကွက်မှုသည် ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းတံငါသည်လုပ်သားများ၏ လူမှုဖူလုံရေးအပေါ် တိုက်ရိုက်သက်ရောက်မှုရှိပါသည်။ ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းတံငါသည်လုပ်သားအများစုသည် ခက်ခဲ၍ အန္တရာယ်ရှိသော အခြေအနေများတွင် အဓိကအားဖြင့် လုပ်ကိုင်ကြရပါသည်။ C188 ပါ ပြဋ္ဌာန်းချက်များကို မလိုက်နာပါက အဆိုပါ တံငါသည်များအား ခေါင်းပုံဖြတ်ခံရခြင်း၊ လုပ်ငန်းခွင်အခြေအနေ ညံ့ဖျင်းခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းတို့ကို ကြုံတွေ့ရစေပါသည်။ ဤအချက်သည် ILO ၏ သင့်လျော်သော အလုပ်များပေးအပ်ခြင်းကို မြှင့်တင်ရန်နှင့် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ရန် ရည်မှန်းချက်ကို ပျက်ပြားစေပါသည်။

# ILO ၏ တာဝန်

ILO ၏ အဓိကတာဝန်မှာ အလုပ်သမား စံချိန်စံညွှန်းများကို မြှင့်တင်ရန်နှင့် ကြီးကြပ်ရန်၊ ကမ္ဘာတဝှမ်းလုံးရှိ အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ရန် ဖြစ်သည်။ ထိုင်းနိုင်ငံကဲ့သို့ ILO သဘောတူညီချက်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံတစ်နိုင်ငံသည် အဆိုပါစံနှုန်းများကို လိုက်နာရန် ပျက်ကွက်သောအခါ ILO ၏ နိုင်ငံများအား ထိထိရောက်ရောက် တာဝန်ခံစေနိုင်သည့်စွမ်းရည်အပေါ် မေးခွန်းထုတ်စရာဖြစ်လာသည်။ ILO အနေဖြင့် အဖွဲ့ဝင်နိုင်ငံများကို နိုင်ငံတကာ အလုပ်သမား သဘောတူညီချက်များအောက်ရှိ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်အောင်လုပ်ရာတွင် ပံ့ပိုးကူညီရန်နှင့် ဖိအားပေးရန် နည်းပညာအထောက်အပံ့များအပါအဝင် ၎င်း၏ ဩဇာအရှိန်အဝါကို အသုံးပြုရန် အရေးကြီးပါသည်။

# နိုင်ငံတကာမှ စစ်ဆေးမှုနှင့် ဖိအားပေးမှု

အခြားသော ILO အဖွဲ့ဝင်နိုင်ငံများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများနှင့် လူ့အခွင့်အရေး လှုပ်ရှားသူများ အပါအဝင် နိုင်ငံတကာ အသိုက်အဝန်းသည် ထိုင်းနိုင်ငံအား C188 ကို လိုက်နာရန်နှင့် ၎င်း၏ ငါးဖမ်းလုပ်ငန်းနယ်ပယ်ရှိ ပြဿနာများကို ဖြေရှင်းရန် ဖိအားပေးသင့်ပါသည်။ ထိုသို့ဖိအားပေးခြင်းကို သံတမန်လမ်းကြောင်းများ၊ နှစ်နိုင်ငံကြားနှင့် ဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီချက်များ၊ မိဘပြည်သူ အသိပညာပေးလှုံ့ဆော်မှုများ၊ ဖြစ်လာနိုင်သော ဈေးကွက်ဝင်ရောက်ခွင့် ကန့်သတ်ချက်များ နှင့်/သို့မဟုတ် ပိတ်ဆို့မှုများမှတဆင့် လုပ်ဆောင်နိုင်ပါသည်။

# နည်းပညာအထောက်အပံ့နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး

ILO သည် C188 အရ ထိုင်းနိုင်ငံ၏ PIPO အာဏာပိုင်အား ၎င်း၏ တာဝန်ဝတ္တရားများကို ကျေပွန်အောင်လုပ်ရာတွင် ကူညီပေးရန်အတွက် နည်းပညာအထောက်အပံ့နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုတို့ကို လေးနှစ်ကျော်ကြာ ပံ့ပိုးပေးခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ၎င်းပံ့ပိုးမှုသည် ထိုင်းနိုင်ငံ၏ အလုပ်သမား အကာအကွယ်ပေးရေးမူဝါဒ သို့မဟုတ် ဥပဒေဘောင်များကို ကျယ်ကျယ်ပြန့်ပြန့် အားကောင်းလာစေရန်၊ အလုပ်သမား စစ်ဆေးရေးများကို တိုးတက်စေရန် သို့မဟုတ် ထိုင်းနိုင်ငံငါးဖမ်းလုပ်ငန်းနယ်ပယ်တစ်ခွင်တွင် ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် အဟန့်အတားဖြစ်စေသော အခြားပြဿနာများကို ဖြေရှင်းရန် ရှုံးနိမ့်ခဲ့ပါသည်။

ဤအစီရင်ခံစာတွင် ILO သဘောတူညီချက်အမှတ် ၁၈၈ ကို ထိရောက်စွာ အကောင်အထည်ဖော်ရန်နှင့် လိုက်နာကြောင်းသေချာအောင်လုပ်ရန် ထိုင်းနိုင်ငံ၏ ပျက်ကွက်မှုကို ခိုင်မာသော ဥပမာများနှင့် ခွဲခြမ်းစိတ်ဖြာမှုများပါရှိပြီး ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းတံငါသည်အများစု၏ လူမှုဖူလုံရေးနှင့် ILO ၏ လက်မှတ်ရေးထိုးထားသော နိုင်ငံများကို တာဝန်ခံယူမှုရှိအောင် လုပ်နိုင်စွမ်းတို့အပေါ် လေးနက်သော စိုးရိမ်မှုများ တိုးပွားလာစေပါသည်။ ထိုင်းအစိုးရအား ဤအခြေအနေကို ပြုပြင်ရန်နှင့် ထိုင်းနိုင်ငံရှိ တံငါသည်များ၏ အခွင့်အရေးနှင့် အလုပ်ခွင်အခြေအနေများကို လုံလောက်စွာ အကာအကွယ်ပေးထားကြောင်း သေချာစေရန် တာဝန်ခံယူလာစေအောင် အရေးယူလုပ်ဆောင်ခြင်းသည် ILO အတွက် အလွန်အရေးကြီးပါသည်။



# ထိုင်းနိုင်ငံငါးဖမ်းလုပ်ငန်းရှိ အလုပ်သမား အခွင့်အရေးသမိုင်းစဉ်နှင့် လက်ရှိအခြေအနေ

**2016** ခုနှစ်တွင် ထိုင်းနိုင်ငံ ငါးဖမ်းသင်္ဘောစောင့်ကြည့်ရေးနှင့် စစ်ဆေးရေး ကြိုးပမ်းအားထုတ်မှု၏ အဓိကအချက်အချာ အဖြစ် တရားမဝင် ငါးဖမ်းမှု တိုက်ဖျက်ရေး ကွပ်ကဲဌာန **(Command Centre to Combat Illegal Fishing, CCCIF)** နှင့် **PIPO** စင်တာအခု **30** ကို တည်ထောင်ခဲ့ပါသည်။ အီးယူမှ အဝါကတ် ပိတ်ဆို့အရေးယူမှု အပါအဝင် နိုင်ငံတကာ ဖိအားများကို ကိုင်တွယ်ဖြေရှင်းရန် ယခင် အမျိုးသား ငြိမ်းချမ်းရေး နှင့် တည်ငြိမ်ရေး ကောင်စီ **(National Council for Peace and Order, NCPO)** စစ်အစိုးရမှ အကောင်အထည် ဖော်ခဲ့သော အဆိုပါ ပြုပြင်ပြောင်းလဲမှုများ ကို ထိုင်းပင်လယ်စာလုပ်ငန်းနယ်ပယ်တွင် ခေါင်းပုံဖြတ်ခြင်း အား တားဆီးကန့်သတ်ရန် သို့မဟုတ် ပပျောက်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ခဲ့ပါသည်။ စာရွက်စာတမ်း စစ်ဆေးမှုများ၊ သင်္ဘောပါလူစာရင်းစစ်ဆေးမှုများ၊ လူမှုဖူလုံရေးနှင့် အလုပ်ခွင်အခြေအနေအား စုံစမ်းစစ်ဆေးမှု များ (အတင်းအဓမ္မအလုပ်ခိုင်းစေမှုနှင့် လူကုန်ကူးမှုကို ညွှန်ပြ ပေးသည့် အချက်များအပါအဝင်)၊ **VMS** စစ်ဆေးမှုများ၊ တရားဝင်မဝင် ဆုံးဖြတ်ရန် ငါးဖမ်းကိရိယာစစ်ဆေးခြင်းနှင့် အခြားပြဿနာများအပါအဝင် သက်ဆိုင်ရာပြဿနာများစွာ ကို ခြေရာခံရန်အတွက် **PIPO** အား တည်ထောင်ခဲ့ပါသည်။[1]

သို့သော်လည်း လွန်ခဲ့သည့်နှစ်များစွာအတွင်း နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး အလုပ်သမားများအဖွဲ့ချုပ်၏ တံငါသည်အခွင့်အရေးများကွန်ရက် **(International Transport Workers' Federation's Fishers Rights Network, ITF-FRN)** မှ ပြုလုပ်သော အစည်းအဝေးများ၊ တွေ့ဆုံမေးမြန်းမှုများနှင့် **PIPO** စစ်ဆေးရေးအပေါ် လူ ကိုယ်တိုင်လေ့လာမှုများမှတစ်ဆင့် တံငါသည်များနှင့် ဆက် သွယ်ချိတ်ဆက်မှုအရ စစ်ဆေးရေးလုပ်ထုံးလုပ်နည်း များသည် ခေါင်းပုံဖြတ်ခြင်းဆိုင်ရာ အလေ့အကျင့်များကို ပပျောက်အောင်လုပ်ရန် ခြွင်းချက်မရှိ လုံးဝရှုံးနိမ့်ခဲ့ကြောင်း ပြသနေပါသည်။ သို့ပေမယ့် ၂၀၁၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ထိုင်းနိုင်ငံ၏ **ILO C188** (ငါးဖမ်းလုပ်ငန်းဆိုင်ရာ သဘောတူညီ ချက်)၊ ထိုင်းနိုင်ငံငါးလုပ်ငန်းအက်ဥပဒေအား ပြဋ္ဌာန်းမှု၊ **PIPO** အေဂျင်စီအချင်းချင်းကြား စစ်ဆေးရေးအစီအစဉ်အား ဖွဲ့စည်းမှု၊ ထိုင်းနိုင်ငံ ငါးဖမ်းလုပ်ငန်းနယ်ပယ်ရှိ **IUU** ငါးဖမ်း ခြင်းနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ ပြဿနာများ အားလုံးကို ပပျောက်အောင် ဖြေရှင်းလိုက်ပြီဖြစ်ကြောင်း ထိုင်းအစိုးရ တရားဝင်ကြေညာမှု ပြုလုပ်ခဲ့သည်။

# စစ်ဆေးရေးများသည် လုံလောက်မှုမရှိသေးပေ

PIPO စစ်ဆေးမှုများသည် အပေါ်ယံအဆင့်တွင်သာ ရှိနေကြောင်းနှင့် စစ်ဆေးရေးမှူးများသည် ချိုးဖောက်မှုများကို ဖော်ထုတ်၍ အစီရင်ခံရန် သို့မဟုတ် စည်းမျဉ်းချိုးဖောက်သူများအား ပိတ်ဆို့အရေးယူရန် နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးမှုမရှိကြောင်းကို FRN  က တွေ့ရှိခဲ့ပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် စစ်ဆေးရေးအဖွဲ့အများအပြားသည် ၎င်းတို့၏တာဝန်မှာ “ပြစ်ချက်ကင်းစင်သော စာရွက်” တင်ပြခြင်းဖြစ်ကြောင်းနှင့် ရည်မှန်းချက်ပန်းတိုင်မှာ ချိုးဖောက်မှုတစ်ခုကိုမျှ အစီရင်မခံရန် သို့မဟုတ် အမှားတစ်ခုခုပြုလုပ်ထားကြောင်းပြသသည့် အထောက်အထားတစ်ခုကိုမျှ မတွေ့ရှိရန်ဖြစ်ကြောင်း ထင်မြင်ယူဆပုံရပါသည်။ အစိုးရအေဂျင်စီများ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ အများအပြားသည် အလားတူ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ဥပမာအားဖြင့် ပတ်ဝန်းကျင်တရားမျှတရေးဖောင်ဒေးရှင်းက "တာဝန်ရှိသူများသည် IUU ငါးဖမ်းခြင်းဆိုင်ရာ ချိုးဖောက်မှုများကို ဖော်ထုတ်ခြင်းနှင့် အလွဲသုံးစားလုပ်ခံရနိုင်သည့် သို့မဟုတ် လူကုန်ကူးခံရနိုင်သည့်သူများကို စနစ်၏ ရှုံးနိမ့်မှုရလဒ်အနေဖြင့် ရှုမြင်ဆဲဖြစ်ကြောင်း" လေ့လာတွေ့ရှိထားပါသည်။[2] ယင်းကို ထိုင်းအစိုးရ၏ လွန်ခဲ့သည့်နှစ်များစွာအတွင်း အလုပ်သမားအခွင့်အရေးချိုးဖောက်မှုများကို အံ့ဖွယ်ကောင်းလောက်အောင် မဖော်ထုတ်နိုင်စွမ်း၊ စစ်ဆေးခဲ့သော ငါးဖမ်းသင်္ဘောအားလုံးအနက် တစ်ရာခိုင်နှုန်း၏ ဆယ်ပုံတစ်ပုံပင်မရှိသည့် ၀.၀၈% တွင်သာ ချိုးဖောက်မှုများကို တွေ့ရှိခြင်းတို့က သက်သေပြသပေးနေပါသည်။

2023 ခုနှစ်၊ အောက်တိုဘာလတွင် ILO သည် အလုပ်သမားအခွင့်အရေး ချိုးဖောက်မှု အရေအတွက် အနည်းအကျဉ်းနှင့် သင်္ဘောပိုင်ရှင် ၃၂ ဦးသာ စည်းမျဉ်းလိုက်နာအောင် အရေးယူခံခဲ့ရကြောင်း အသိပေး၍ PIPO စစ်ဆေးရေးစနစ်အပေါ် အလားတူ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ (2022 ခုနှစ်၊ ဩဂုတ်လ မှ 2023 ခုနှစ်၊ ဇူလိုင်လ အထိ ချိုးဖောက်မှုအားလုံးသည် စာရွက်စာတမ်းပြုစုမှတ်တမ်းတင်မှုနှင့် သက်ဆိုင်ပါသည်)။ စစ်ဆေးရေးအဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်နည်းပါးခြင်း၊ ချိုးဖောက်မှုများကို ဖော်ထုတ်လိုအောင်လုပ်ပေးမည့် မက်လုံးများ ကင်းမဲ့ခြင်းနှင့် သင်္ဘောပိုင်ရှင်များထံမှ မရှိသင့်သော ဩဇာလွှမ်းမိုးမှုများ အပါအဝင် ဖွဲ့စည်းပုံနှင့် နောက်ခံအခြေအနေဆိုင်ရာ အကန့်အသတ်များသည် PIPO စနစ်၏ ထိရောက်မှုကို ဟန့်တားထားကြောင်း ၎င်းတို့က ဆက်လက်လေ့လာတွေ့ရှိခဲ့သည်။[3] ဤအချက်သည် C188 စံနှုန်းများကို လိုက်နာရန် ထိုင်းအစိုးရ၏ ပျက်ကွက်မှုကို ILO က သိရှိနိုင်စွမ်းရှိကြောင်းပြသပြီး ထိုသို့သိရှိထားသော်လည်း ဖွဲ့စည်းပုံပြောင်းလဲမှုဖြစ်ပေါ်လာအောင် တွန်းအားပေးရန်အတွက် ထိရောက်သော အရေးယူမှုများ၊ လူသိရှင်ကြား ဝေဖန်မှုများ သို့မဟုတ် ဖိအားများကို ၎င်းအနေဖြင့် လုပ်ထားခြင်းမရှိပေ။ ILO က C188 ကို တရားဝင်ပြဌာန်း၍ များစွာသော အရင်းအမြစ်များကို ထိုင်းနိုင်ငံ၏ စစ်ဆေးရေးအာဏာပိုင်ထံတွင် ရင်းနှီးမြုပ်နှံခဲ့သည်မှာ လေးနှစ်ကျော်သွားခဲ့ပြီဖြစ်သော်လည်း သိသိသာသာ တိုးတက်လာခြင်း မရှိသေးချေ။

## တရားဝင် PIPO စစ်ဆေးရေးရလဒ်များ (၂၀၁၉-၂၀၂၂)[4]

| ခုနှစ် | စစ်ဆေးခဲ့သော သင်္ဘော အရေအတွက် | သင်္ဘောပါ တံငါသည် အရေအတွက် | တွေ့ရှိခဲ့သော ချိုးဖောက်မှု အရေအတွက် | ထုတ်ပြန်ခဲ့သော ပြုပြင်ရေးအမိန့် အရေအတွက် | တရားစွဲဆိုမှုများ (တရားရုံးအမှုများ) | ချိုးဖောက်မှု(များ) တွေ့ရှိသည့် စစ်ဆေးရေးရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၂၀၁၉ | ၄၄,၃၂၂ | ၅၄၁,၃၇၂ | ၂၀ | ၄ | ၁၅ | ၀.၀၅% |
| ၂၀၂၀ | ၅၅,၈၁၈ | ၆၉၀,၇၉၃ | ၁၉ | ၁၆ | ၃ | ၀.၀၃% |
| ၂၀၂၁ | ၄၄,၈၅၇ | ၅၅၃,၀၃၅ | ၁၇ | ၁၂ | ၅ | ၀.၀၄% |
| ၂၀၂၂ | ၁၂,၈၁၀ | ၁၇၅,၀၇၅ | ၆၃ | ၂၅ | ၃၈ | ၀.၄၉% |
| စုစုပေါင်း | ၁၅၉,၈၀၇ | ၁,၉၆၀,၂၇၅ | ၁၁၉ | ၅၇ | ၆၁ | ၀.၀၈% |

# ဒဏ်ခတ်မှုများ သို့မဟုတ် ပိတ်ဆို့အရေးယူမှု စီမံခြင်းများ မရှိခြင်း

**C188** ကို တရားဝင်ပြဋ္ဌာန်းခဲ့၍ အတင်းအဓမ္မအလုပ်ခိုင်းစေမှု၊ ငါးဖမ်းသင်္ဘောအတွက် စံချိန်စံညွှန်းများနှင့် တရားမဝင် ငါးဖမ်းခြင်းဆိုင်ရာ ဥပဒေများစွာကို ချမှတ်ထားလျက်ပင် ပိတ်ဆို့အရေးယူမှုများကို လုံလောက်မှုမရှိစွာ သို့မဟုတ် ရှင်းလင်းပြတ်သားမှုမရှိစွာ သတ်မှတ်ထားသောကြောင့် လိုက်နာအောင် မပြုလုပ်နိုင်မှုနှင့် တစ်သမတ်တည်းမရှိသော ကျင့်သုံးမှုများကို ဖြစ်ပေါ်စေပြီး အဆိုးဆုံးမှာ အကျင့်ပျက်ခြစားမှု သို့မဟုတ် ပူးပေါင်းကြံစည်မှုကို ဖြစ်စေသည့် အခြေအနေတစ်ရပ်ကို ဖန်တီးပေးခြင်းဖြစ်သည်။ ဥပဒေ သို့မဟုတ် နိုင်ငံတော် ပြဋ္ဌာန်းချက်များကို ချိုးဖောက်သော ကပ္ပတိန်များနှင့် သင်္ဘောပိုင်ရှင်များအတွက် နောက်တစ်ကြိမ် မချိုးဖောက်အောင် ဟန့်တားစေမည့် ပြစ်ဒဏ်များ၊ ဒဏ်ငွေများ သို့မဟုတ် ပိတ်ဆို့အရေးယူမှုများမရှိဘဲ စစ်မှန်၍ ထိရောက်သော စစ်ဆေးရေးစနစ်ဟူ၍ မရှိပါ။ ထို့အပြင် စည်းမျဉ်းချိုးဖောက်မှုများကို ဖော်ထုတ်ခြင်းနှင့် တရားစွဲဆိုခြင်းသည် မကောင်းသောလုပ်ရပ်ဖြစ်သည်ဟူသည့် စစ်ဆေးရေးအဖွဲ့များအကြားရှိသော အယူအဆကို ဖြိုဖျက်ရပါမည်။ ယင်းအစား စစ်ဆေးရေးအဖွဲ့များအနေဖြင့် စည်းမျဉ်းချိုးဖောက်မှုများကို ဖော်ထုတ်ခြင်းနှင့် ၎င်းအမှုကိစ္စများကို မှန်ကန်စွာ စုံစမ်းစစ်ဆေးခြင်းသည် ထိရောက်စွာ လုပ်ဆောင်နေသည့် **PIPO** လုပ်ငန်းစဉ်၏ နမူနာများ ဖြစ်ကြောင်း မှတ်ယူသင့်ပါသည်။[5] စည်းမျဉ်းချိုးဖောက်မှုများကို ဖော်ထုတ်၍ တရားစွဲဆိုခြင်းဖြင့် မူဝါဒကို လိုက်နာမှုရှိအောင် ပြုလုပ်သော အမှုထမ်းများအား ၎င်းတို့၏ တာဝန်များကို ကျေပွန်သည့်အတွက် ချီးကျူးဂုဏ်ယူပေးသင့်ပါသည်။

**PIPO** စနစ်အား အများက ယုံကြည်လက်ခံလာရန်အတွက် ထိုင်းအစိုးရသည် ဒဏ်ငွေနှင့် ပိတ်ဆို့အရေးယူမှုများကို ရှင်းလင်းစွာ ရေးဆွဲချမှတ်၍ စည်းမျဉ်းများကို ထိရောက်စွာ အကောင်အထည်ဖော်ပြီး လိုက်နာကြောင်း သေချာစေကာ ပြဋ္ဌာန်းထားသော **C188** ပြဋ္ဌာန်းချက်များကို လိုက်နာရမည် ဖြစ်ပါသည်။ ထိုင်းနိုင်ငံသည် ကမ္ဘာအနှံ့မှ ဥပမာများရယူရန် စဉ်းစားသင့်ပြီး လွန်စွာထိရောက်သော ငါးဖမ်းလုပ်ငန်း စစ်ဆေးရေး အစီအစဉ်ဖြင့် စံပြအဖြစ်ရပ်တည်နေသည့် နယူးဇီလန်ကဲ့သို့သော နိုင်ငံများထံမှ ထိုးထွင်းအမြင်များကို ရယူသင့်ပါသည်။



စစ်ဆေးရေးမှူးများက အလုပ်အပေါ် အလေးထားမှုမရှိဘဲ စာရွက်ပေါ်တွင် အမှန်များခြစ်ရုံသာခြစ်ကာ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများကို ဖော်ထုတ်ရန် ပျက်ကွက်နေသည့်ပုံ

ထိုင်းနိုင်ငံသည် ကမ္ဘာအနှံ့မှ ဥပမာများရယူရန် စဉ်းစားသင့်ပြီး လွန်စွာထိရောက်သော ငါးဖမ်းလုပ်ငန်း စစ်ဆေးရေး အစီအစဉ်ဖြင့် စံပြအဖြစ်ရပ်တည်နေသည့် နယူးဇီလန်ကဲ့သို့သော နိုင်ငံများထံမှ ထိုးထွင်းအမြင်များကို ရယူသင့်ပါသည်။ နယူးဇီလန်နိုင်ငံ၏စနစ်တွင် တရားမဝင်သော၊ အစီရင်ခံမထားသော၊ စည်းကြပ်မှုမရှိသော **(IUU)** ငါးဖမ်းခြင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးရုံသာမက တံငါသည်များ၏အခွင့်အရေးများအပေါ် အကာအကွယ်ပေးမှုအား ဦးစားပေးလုပ်ဆောင်သည့် စေ့စပ်သေချာသော ဒဏ်ငွေနှင့် ပိတ်ဆို့အရေးယူမှုဆိုင်ရာ မူဘောင်တစ်ခုရှိပါသည်။[6 7]

နောက်ဆုံးအနေဖြင့် ထိရောက်သော ပြစ်ဒဏ်များ၊ ဒဏ်ငွေများနှင့် ပိတ်ဆို့အရေးယူမှုဆိုင်ရာ မူဘောင်တစ်ရပ်ကို ရေးဆွဲရာတွင် **ILO** နှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် လွန်စွာ အရေးကြီးပါသည်။ **PIPO** ကို တည်ထောင်၍ **ILO** နှင့် အနောက်တိုင်းအစိုးရများထံမှ စဉ်ဆက်မပြတ် ပူးပေါင်းကူညီမှုနှင့် ငွေကြေးပံ့ပိုးမှုကို ရယူနေသည်မှာ ရှစ်နှစ်နီးပါးကြာပြီဖြစ်သော်လည်း စစ်ဆေးမှုအတွက် ချမှတ်ထားသည့် ပွင့်လင်းမြင်သာသော မူဘောင် သို့မဟုတ် လုပ်ငန်းစဉ်ဟူ၍ မရှိသေးပေ။ သိသာသော တိုးတက်မှုများ မရှိလျှင် ပင်လယ်စာဝယ်ယူသူများအနေဖြင့် ထိုင်းသင်္ဘောများပေါ်တွင် အတင်းအဓမ္မအလုပ်ခိုင်းစေမှု ညွှန်ပြချက်များ သို့မဟုတ် အနားယူချိန်များ ကဲ့သို့သော အခြေခံစံနှုန်းများအတွက် တိကျ၍ ပွင့်လင်းမြင်သာသော အချက်အလက်မရှိခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာများကို ဆက်လက်ကြုံတွေ့ရမည်ဖြစ်သည်။ တိုးတက်ရန် ကြီးမားစွာ အားထုတ်ကြိုးပမ်းမှုမရှိပါက ထိုင်းငါးဖမ်းလုပ်ငန်းနယ်ပယ်သည် ကမ္ဘာလုံးဆိုင်ရာ စစ်ဆေးမှုအောက်တွင် ဆက်ရှိနေမည်ဖြစ်ကာ ထိုင်းနိုင်ငံမှ ထွက်ရှိသော ပင်လယ်စာများသည် အလုပ်သမားအလွဲသုံးစားလုပ်ခြင်း သို့မဟုတ် တရားမဝင် ငါးဖမ်းမှု အလေ့အကျင့်များမှ ကင်းစင်ခြင်းရှိမရှိဟူသည့် မေးခွန်းများကို ရင်ဆိုင်နေရဦးမည်ဖြစ်သည်။

# အစီရင်ခံစာကတ် - PIPO ရနောင်း စစ်ဆေးရေးမှ လေ့လာတွေ့ရှိမှုများ




**2023** ခုနှစ်၊ ဇူလိုင်လတွင် ထိုင်းနိုင်ငံ၊ ရနောင်းဆိပ်ကမ်း၌ ငါးဖမ်းသင်္ဘောများပေါ်ရှိ လုပ်ငန်းခွင် ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေး စံနှုန်းများ တိုးတက်စေရန်နှင့် အလုပ်သမားအဖွဲ့အစည်းနှင့် **CSO** ၏ **PIPO** နှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက် **ILO** ဦးဆောင်သော ရှေ့ပြေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ငါးဖမ်းသင်္ဘော စစ်ဆေးရေးများကို စောင့်ကြည့်ရန် **FRN** အား ဖိတ်ကြားခဲ့ပါသည်။ **FRN** သည် စစ်ဆေးရေးများကို ကိုးရက်ကြာ စောင့်ကြည့်ခဲ့ပြီး ထိုစစ်ဆေးရေးများသည် တံငါသည်အခွင့်အရေးချိုးဖောက်မှုများကို ဖော်ထုတ်ရာတွင်၊ ပြစ်ဒဏ်ပေးရာတွင်နှင့် ပြုပြင်ရာတွင် ထိရောက်မှုမရှိကြောင်း တွေ့ရှိခဲ့ပါသည်။ **FRN** အဖွဲ့များသည် စုစုပေါင်းအနေဖြင့် သင်္ဘောစစ်ဆေးရေး ၂၈ ခုကို စောင့်ကြည့်လေ့လာခဲ့၍ သင်္ဘောအစီးတိုင်းပေါ် ရှိ တံငါသည်များနှင့် စကားပြောဆိုခဲ့ပြီး **PIPO** စစ်ဆေးရေးအဖွဲ့များသည် ငါးဖမ်းသင်္ဘောများကို **C188** စံနှုန်းများ၊ ထိုင်းဥပဒေနှင့် အခြေခံတံငါသည်အခွင့်အရေးများကို တိုက်ရိုက်ချိုးဖောက်၍ ဆက်လက်လည်ပတ်ခွင့်ပြုရာတွင် ပြောင်ပြောင်တင်းတင်းဖြင့် ကြံရာပါနေကြောင်း အမြဲမပြတ် တွေ့ရှိခဲ့ရသည်။ တံငါသည်များမှ အများအားဖြင့် တွေ့ရှိထားပြီး အစီရင်ခံသည့် ချိုးဖောက်မှုများတွင် အောက်ပါတို့ပါဝင်သည် -

### စာရွက်စာတမ်းများကို အပိုင်သိမ်းထားခြင်း

**အထောက်အထားပြ စာရွက်စာတမ်းများ၊ စာချုပ်များ၊ ဘဏ်စာအုပ်များနှင့် ATM ကတ်များကို တံငါသည်များက ရယူနိုင်ခြင်းမရှိသေးဘဲ ၎င်းတို့ကို သင်္ဘောပိုင်ရှင် သို့မဟုတ် ကပ္ပတိန်က ထိန်းသိမ်းထားပြီး သင်္ဘောပေါ်ရှိ ကပ္ပတိန်အခန်းမှ သေတ္တာကြီးတစ်ခုတွင် သို့မဟုတ် ကုန်းပေါ်တွင် သိမ်းဆည်းထားသည်။ အုပ်စုဓာတ်ပုံများနှင့် အထောက်အထား စိစစ်ခြင်းဆိုင်ရာရည်ရွယ်ချက်များအတွက် စာရွက်စာတမ်းများကို PIPO အရာရှိများရှေ့တွင် တံငါသည်များထံ ပွင့်လင်းမြင်သာစွာ ဖြန့်ဝေပေးပြီးနောက် သင်္ဘောစီမံခန့်ခွဲရေးအဖွဲ့သည် ထိုစာရွက်စာတမ်းများကို ချက်ချင်းပြန်လည်သိမ်းဆည်းသွားပါသည်။ ဤသို့ဖြစ်လင့်ကစား တံငါသည်များအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်စာရွက်စာတမ်းများကို လွတ်လပ်စွာ ရယူနိုင်ကြောင်းနှင့် ပိုင်ဆိုင်နိုင်ကြောင်း သေချာစေရန် စစ်ဆေးရေး အဖွဲ့များက အရေးယူခြင်း မရှိသေးပေ။**

### ရှေးဦးသူနာပြုဆေးသေတ္တာများ မလုံလောက်ခြင်း

**ငါးဖမ်းသင်္ဘောများပေါ်ရှိ ရှေးဦးသူနာပြုဆေးသေတ္တာများ (First Aid Kits, FAKs) များတွင် ဆေးဝါးအမျိုးအစားအစုံအလင်မရှိ၍ သင်္ဘောပိုင်ရှင်များသည် ဥပဒေအရ လိုအပ်ချက်နှင့်အညီ ဖြည့်စွက်ခြင်းမပြုသော်လည်း သင်္ဘောများကို ဆိပ်ကမ်းမှ အမြဲတစေ ထွက်ခွာခွင့်ပေး၍ ပုံမှန်ငါးဖမ်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခွင့်ပေးပါသည်။**

### ရှေးဦးသူနာပြုဆေးသေတ္တာများ ရယူသုံးစွဲ၍မရခြင်း

**FAK များကို သင်္ဘောပေါ်ရှိ ကပ္ပတိန်အခန်းအတွင်း သိမ်းဆည်းထားပြီး သင်္ဘောသားများက ရယူသုံးစွဲခြင်းမပြုနိုင်ဟု တံငါသည်များက ပုံမှန်အစီရင်ခံတင်ပြသော်လည်း PIPO မှ ပြုလုပ်သော တံငါသည်များနှင့် တွေ့ဆုံမေးမြန်းမှုများသည် ဤပြဿနာကို ဖော်ထုတ်ရန် နှင့်/သို့မဟုတ် ဖြေရှင်းရန် ပျက်ကွက်ခဲ့ပါသည်။**

### နှစ်ကိုယ်ကြားသီးသန့် မေးမြန်းတွေ့ဆုံမှုများ မရှိခြင်း

**တံငါသည်များနှင့် တွေ့ဆုံမေးမြန်းမှုများကို သင်္ဘောပိုင်ရှင်များနှင့် ကပ္ပတိန်များ၏ တိုက်ရိုက်ပါဝင်ပတ်သက်မှုဖြင့် သို့မဟုတ် ၎င်းတို့၏ အမြင်အတွင်း လူသိရှင်ကြား ပြုလုပ်ပါသည်။ ချိုးဖောက်မှုများကို တိုင်ကြားရန်အတွက် PIPO အဖွဲ့များအနေဖြင့် တံငါသည်များအား နှစ်ကိုယ်ကြားသီးသန့်ဖြစ်၍ လျှို့ဝှက်မှုရှိသော တွေ့ဆုံမေးမြန်းမှုနေရာတစ်ခု ပံ့ပိုးပေးရန် ပျက်ကွက်ခြင်းသည် တံငါသည်များအနေဖြင့် အလုပ်ရှင်က ပြန်လည်ခြိမ်းခြောက်မည်ကို ကြောက်ရွံ့သောကြောင့် ချိုးဖောက်မှုများကို မတိုင်ကြားသော အခြေအနေများကို ဖြစ်ပေါ်စေပါသည်။**

### ချိုးဖောက်မှုတိုင်ကြားရေးလုပ်ငန်းစဉ်၏ မထိရောက်မှု

**တံငါသည်များ သို့မဟုတ် တံငါသည်များကိုယ်စား FRN က တံငါသည်များ၏ အခွင့်အရေးအလွဲသုံးစားလုပ်မှုကိစ္စရပ်များကို PIPO သို့ တိုင်ကြားခြင်းသည် အရေးယူမှုမရှိခြင်း သို့မဟုတ် ဗျူရိုကရေစီဆန်သောစနစ်ဖြင့် ပြည့်နှက်နေသော အချိန်အလွန်ကုန်စေသည့် တရားရေးလုပ်ငန်းစဉ်များကို ဖြစ်ပေါ်စေပါသည်။ အာဏာပိုင်များက ကြားဝင်စေ့စပ်ပေးသည့် သင်္ဘောပိုင်ရှင်များနှင့် အလွတ်သဘော ညှိနှိုင်းမှုတွင် တံငါသည်များကို ပါဝင်ရန် ပုံမှန်အားဖြင့် အတင်းအကျပ် ဖိအားပေးပြီး တံငါသည်များအနေဖြင့် ရသင့်သည် အပြည့်အဝ လျော်ကြေးပေးရန်နှင့် ၎င်းတို့၏ ရပိုင်ခွင့်များကို အကာအကွယ်ပေးရန် ပျက်ကွက်သည့် ကြေအေးမှုများကို သဘောတူပေးရန် ခြိမ်းခြောက်ခံရသည့် အခြေအနေကို ဖြစ်စေပါသည်။**

# ရနောင်းငါးဖမ်းသင်္ဘောအများစုပေါ်တွင် နိမ့်ပါးသော ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေးစံနှုန်းများ တွေ့ရခြင်း




## လိုအပ်သော ဆေးဝါများ စစ်ဆေးတမ်း အကျဉ်းချုပ်

- အပြည့်ဝ မရှိပါ၊ ပဲနင်း နဲ့ သူဌေးတို့ကလည်း လိုက်လောက်အောင်ပြည့်သွင်ဖို့ ငြင်းခဲ့ကြတယ် သိုသော်လည်း ပိုင်ပို့က လေ့ကိုထွက်ခွင့်ပေးပါတယ်
- အပြည့်ဝ မရှိပါ၊ သိုသော်လည်း ပဲနင်း နဲ့ သူဌေးတို့ကလည်း လိုက်လောက်အောင်ပြည့်သွင်ဖို့ ကို သဘောတူခဲ့ပါတယ်၊
- အပြည့်ဝ ရှိပါတယ်၊

## ရှာဖွေတွေ့ရှိမှုများ

ရနောင်းမြို့ရှိ PIPO စစ်ဆေးရေးများအတွင်း FRN သည် စောင့်ကြည့်လေ့လာသူအဖြစ်သာ လုံးဝဆောင်ရွက်ခဲ့ပါသည်။ စစ်ဆေးရေးတစ်ခုပြီးစီးသည့်အခါတိုင်း FRN အနေဖြင့် ပံ့ပိုးပေးထားသော ဆေးဝါးများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ပတ်သက်၍ အကြံဉာဏ်ပေးနိုင်ရန်အတွက် ရှေးဦးသူနာပြုဆေးသေတ္တာ (FAK) ကို ကုန်းပေါ်သို့ ယူဆောင်ခိုင်းခဲ့ပါသည်။ ယင်းသို့ပြုလုပ်ခြင်းကို ကူညီရန်အတွက် FRN သည် ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေးဆိုင်ရာ သင်ကြားပို့ချမှုကို ပြုလုပ်ပေးပြီး C188 စံနှုန်းများနှင့်မကိုက်ညီသော သင်္ဘောများအတွက် ဘာသာစကားသုံးမျိုး (ထိုင်း၊ မြန်မာနှင့် ခမာ) ဖြင့် ရေးသားထားသော ဆေးဝါးအသုံးပြုမှုလမ်းညွှန်ချက်များပါရှိသည့် သရုပ်ပြ FAK များကို ဖြန့်ဝေပေးခဲ့ပါသည်။ စောင့်ကြည့်လေ့လာခဲ့သည့် သင်္ဘော ၂၈ စီးအနက် ထက်ဝက်အောက်ဖြစ်သည့် သင်္ဘော ၃၉% တွင်သာ FAK အပြည့်ပါရှိခဲ့ပါသည်။ အများစုဖြစ်သော သင်္ဘော 61% တွင် ဝမ်းပျက်ဝမ်းလျှောပျောက်ဆေး၊ မျက်လုံးဆေးနှင့် အယားပြေလိမ်းဆေးများ အပါအဝင် အရေးကြီးသော ဆေးဝါးများ မပါရှိခဲ့ပါ။

ချို့တဲ့နေသောဆေးဝါးများကို ဖော်ထုတ်လိုက်သောအခါတွင် ကပ္ပတိန်နှင့် ပိုင်ရှင်များစွာသည် သင်္ဘောမထွက်ခွာမီ ပြန်လည်ဖြည့်တင်းရန် ချက်ချင်းဆောင်ရွက်ခဲ့ကြပါသည် သို့မဟုတ် နောက်တစ်ကြိမ်စစ်ဆေးရေးမတိုင်မီတွင် ပြန်လည်ဖြည့်တင်းရန် ကတိပြုခဲ့ကြပါသည်။ သို့သော်လည်း သင်္ဘောနှစ်စီးတွင် ပါရာစီတမော ပလတ်စတစ်အိတ်တစ်လုံးသာ ပါရှိခဲ့ပြီး FAK လုံးဝမပါရှိခဲ့ပေ။ အဆိုပါသင်္ဘောများသည် ယင်းကိစ္စရပ်မှာ PIPO အရာရှိများနှင့်မသက်ဆိုင်ကြောင်း အခိုင်အမာပြောဆိုကာ ဆေးဝါးများပြန်လည်ဖြည့်တင်းရန် ညွှန်ကြားချက်များကို ငြင်းဆန်ခဲ့ပြီး ဆိပ်ကမ်းမှ ထွက်ခွာခဲ့သောကြောင့် ထိုင်းဥပဒေ၊ C188 စံနှုန်းများနှင့် PIPO အမိန့်တို့ကို ချိုးဖောက်ခဲ့ပါသည်။

နောက်ထပ်စိုးရိမ်ဖွယ်ဖြစ်သော ရှာဖွေတွေ့ရှိမှုမှာ တံငါသည်များစွာသည် သင်္ဘောပေါ်တွင် သောက်သုံးရေမလုံလောက်သောကြောင့် ပင်လယ်ခရီးကြောင်းတစ်ခုစီအတွက် ၎င်းတို့၏ ကိုယ်ပိုင်သောက်သုံးရေကို ဝယ်ယူရကြောင်း တိုင်ကြားခံခြင်းဖြစ်သည်။

# ရနောင်းစစ်ဆေးရေးမှူးများ တုံ့ပြန်မှုမရှိခြင်း

ဇူလိုင်လ ၂၅ ရက်နေ့က ရနောင်း အလုပ်သမား ကာကွယ်ရေးနှင့် လူမှုဖူလုံရေးဌာန **(Department of Labor Protection and Welfare Office, DLPW)** တွင် ပြုလုပ်သော လစဉ် **ILO** ရှေ့ပြေးစီမံကိန်း အစည်းအဝေးအတွင်း **FRN** သည် သင်္ဘောများအား **PIPO** ညွှန်ကြားချက်ကို ငြင်းဆိုပြီးနောက် **FAK** အပြည့်အဝ မဖြည့်တင်းဘဲ ဆိပ်ကမ်းမှ ထွက်ခွာခွင့်ပြုသည့်အပေါ် လွန်စွာစိုးရိမ်ကြောင်း ပြောကြားခဲ့သည်။ **FRN** သည် တံငါသည်များနှင့် နှစ်ကိုယ်ကြားသီးသန့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခြင်းဖြင့် စည်းမျဉ်းလိုက်နာမှုမရှိသော သင်္ဘောများကို စုံစမ်းစစ်ဆေးခြင်း၊ နောက်ထပ်ချိုးဖောက်မှုများ တွေ့ရှိပါက ငါးဖမ်းခြင်းအား ရပ်တန့်ရန် အမိန့်ထုတ်ပြန်ခြင်း၊ နောက်တစ်ကြိမ် ဆိပ်ကမ်းအဝင် သို့မဟုတ် အထွက်အတွင်း ကျယ်ပြန့်သော စစ်ဆေးရေးများ ပြုလုပ်ခြင်းနှင့် ဒဏ်ငွေ သို့မဟုတ် ပိတ်ဆို့အရေးယူမှုများကို လိုအပ်သလို ချမှတ်ခြင်းတို့ အပါအဝင် ချက်ချင်းအရေးယူလုပ်ဆောင်ချက်များကို အဆိုပြုခဲ့သည်။



ဩဂုတ်လ **25** ရက်နေ့တွင် ပြုလုပ်ခဲ့သည့် နောက်ဆက်တွဲ လစဉ်အစည်းအဝေးတွင် **FRN** က ယင်းကိစ္စနှင့်ပတ်သက်၍ ဆက်လက်မေးမြန်းခဲ့သည်။ သို့သော်လည်း မည်သည့်အရေးယူမှုကိုမျှ လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ **PIPO** ၏ ဥပဒေကို လိုက်နာကြောင်း သေချာစေရန်နှင့် ရနောင်းဒေသရှိ တံငါသည်များ၏ လုံခြုံရေးနှင့် အခွင့်အရေးများကို အကာအကွယ်ပေးရန် ကြိုးစားအားထုတ်မှုများ ကင်းမဲ့နေခြင်းကို ပြသလျက်ရှိသည်။



*PIPO* စစ်ဆေးရေးအတွင်း ရနောင်းသင်္ဘောတစ်စီးပေါ်၌ ဆေးဝါးများ လုံလောက်စွာမပါရှိသည့် ပလတ်စတစ်အိပ် တစ်လုံးသာ တွေ့ရှိခဲ့သော်လည်း သင်္ဘောအား ထွက်ခွာခွင့်ပြုခဲ့သည်

# မရှိသင့်သည့် ဩဇာလွှမ်းမိုးမှုနှင့် အကျင့်ပျက်ခြစားမှု - ရနောင်းတွင် သင်္ဘောပိုင်ရှင်အဖွဲ့အစည်း၏ ဝင်ရောက်စွက်ဖက်မှု

စစ်ဆေးမှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ အပြည့်အဝမရှိသော သင်္ဘောများထံသို့ နမူနာရှေးဦးသူနာပြုဆေးသေတ္တာများ ပေးအပ်ခြင်းအပေါ် အဓိကအလေးပေးသည့် ILO ၏ PIPO ရှေ့ပြေးစီမံကိန်းတွင် FRN ၏ ပါဝင်ပတ်သက်မှုသည် စစ်ဆေးရေးများကို ကိုးရက်ကြာ စောင့်ကြည့်လေ့လာပြီးနောက် ရုတ်တရက် ရပ်ဆိုင်းသွားခဲ့လေသည်။ သင်္ဘောပိုင်ရှင်များ ပါဝင်သော ဒေသတွင်း ငါးလုပ်ငန်းအဖွဲ့အစည်းထံမှ ကြီးမားသောဖိအားပေးမှုကြောင့် ဤဆုံးဖြတ်ချက်အား ချမှတ်ခဲ့ခြင်းဖြစ်သည်။ ရလဒ်အနေဖြင့် ILO နှင့် PIPO တာဝန်ရှိသူများသည် FRN ၏ လေ့လာစောင့်ကြည့်သူအဖြစ် လုပ်ဆောင်နေသည့် အခန်းကဏ္ဍကို ရပ်ဆိုင်းခဲ့သည်။ သင်္ဘောနှင့် ဆိပ်ခံတံတားပိုင်ရှင်များထံမှ ခွင့်ပြုချက်ရပြီး ဘန်ကောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနမှ တရားဝင်စာတစ်စောင်ရရှိပြီးမှသာ လေ့လာစောင့်ကြည့်မှုများကို ပြန်လည်စတင်ခွင့်ပြုရန် ၎င်းတို့က သဘောတူညီခဲ့ကြသည်။ ဤအစီရင်ခံစာကို ရေးသားချိန်တွင် မည်သည့်တုံ့ပြန်မှုမျှ မရရှိထားဘဲ သင်္ဘောပိုင်ရှင်များထံမှ ခွင့်ပြုချက်ရရှိရန်မှာ မဖြစ်နိုင်လုနီးပါးဖြစ်သောကြောင့် ဤအရေးပါသော စီမံကိန်းသည် အဆုံးသတ်သွားမည်ဖြစ်သည်။ ဤအခြေအနေသည် အလုပ်သမားအလွဲသုံးစားလုပ်မှု သို့မဟုတ် ဥပဒေချိုးဖောက်မှုများကို ဖော်ထုတ်ပေးမည့် စိစစ်တိကျသော စစ်ဆေးရေးမှန်သမျှကို ကန့်သတ်ရန်နှင့် အစိုးရ၏ အာဏာသက်ရောက်မှုကို တားဆီးရန်အတွက် ထိုင်းနိုင်ငံငါးဖမ်းလုပ်ငန်းနယ်ပယ်ရှိ သင်္ဘောပိုင်ရှင်များ စွဲကိုင်ထားဆဲဖြစ်သော ဩဇာအာဏာကို ပြတ်သားစွာ သရုပ်ဖော်ပြသထားလေသည်။

စစ်ဆေးရေးမှူးများအနေဖြင့် စစ်ဆေးရေးမလုပ်မီ သင်္ဘောပိုင်ရှင်များကို ဆက်သွယ်၍ ၎င်းတို့ထံမှ ခွင့်ပြုချက်ရယူရန် ကြိုးစားသည့် အလေ့အကျင့်ကို ကျယ်ဝန့်စွာ ကျင့်သုံးကြောင်းကိုလည်း FRN က လေ့လာတွေ့ရှိခဲ့သည်။ ဥပမာအားဖြင့် ရနောင်းရှိ စစ်ဆေးရေးရက်တစ်ရက်တွင် PIPO စစ်ဆေးရေး တာဝန်ခံက သင်္ဘောပိုင်ရှင်တစ်ဦးစီကို ကြိုတင်ဆက်သွယ်အကြောင်းကြားပြီး စစ်ဆေးရေးလုပ်ဆောင်ခွင့်နှင့် FRN ကို လေ့လာစောင့်ကြည့်သူအဖြစ် လာရောက်ခွင့်ကို တောင်းဆိုခဲ့သည်။ ဤသို့ပြုလုပ်ခြင်းသည် သင်္ဘောပိုင်ရှင်များထံမှ ပြတ်သားစွာ ငြင်းဆိုမှုများကို ဖြစ်ပေါ်စေခဲ့ပြီး စစ်ဆေးရေးတစ်ခုတွင် FRN အား ယာဉ်အတွင်းမှ မထွက်ခွာရန် တွန်းအားပေးကာ အခြားစစ်ဆေးရေးတစ်ခုတွင် ဆိပ်ခံတံတားဧရိယာသို့ ဝင်ရောက်ခွင့်အား လုံးဝငြင်းပယ်ခဲ့လေသည်။ ငါးဖမ်းလုပ်ငန်းနယ်ပယ်ကို စည်းကြပ်ရန် တာဝန်ခန့်အပ်ခံရသော အစိုးရအာဏာပိုင်တစ်ဦးအနေဖြင့် PIPO သည် စစ်ဆေးရေးဆောင်ရွက်ရန် သို့မဟုတ် လေ့လာစောင့်ကြည့်သူတစ်ဦးကို ခေါ်ဆောင်လာရန်အတွက် သင်္ဘောပိုင်ရှင်ထံမှ ခွင့်ပြုချက်ရယူစရာမလိုပါ။ ထိုကဲ့သို့သော လုပ်ရပ်များကို ပူးပေါင်းကြံစည်ခြင်းဟု ယူဆနိုင်သည်။

မကြာသေးမီက အမေရိကန်ပြည်ထောင်စု လူကုန်ကူးမှု (၂၀၂၃) အစီရင်ခံစာတွင် ထိုင်းသင်္ဘောပိုင်ရှင်များနှင့် အလုပ်ခွင်များသည် အလုပ်သမားဆိုင်ရာ စစ်ဆေးရေးများမလုပ်မီ ကြိုတင်သတင်းရရှိသည့် ဖြစ်ရပ်များကို အသားပေးပြသထားသည်။[8] ရှေ့ပြေးစီမံကိန်းအတွက် သက်ဆိုင်ရာ နိုင်ငံတော်အဆင့် အေဂျင်စီများမှ တရားဝင်ခွင့်ပြုချက်ကို ကြိုတင်ရရှိထားသော်လည်း သင်္ဘောပိုင်ရှင်များနှင့် PIPO တို့၏ တောင်းဆိုချက်များကို ILO အနေဖြင့် မလွန်ဆန်ရန် ရွေးချယ်ခြင်းသည် ရနောင်းတွင် FRN ၏ စောင့်ကြည့်လေ့လာမှုများကို ရပ်ဆိုင်းစေပြီး တံငါသည်အခွင့်အရေးများကို ကာကွယ်ပေးရာတွင် ILO ၏ ပြတ်သားစွာ မလုပ်ဆောင်နိုင်မှု သို့မဟုတ် တုံ့ဆိုင်းနေမှုကို ထင်ရှားစွာပြသပါသည်။ ၎င်းတို့၏ နိုင်ငံရေးဆက်ဆံမှုအပေါ် ထိခိုက်မှုရှိမည်ကို ကြောက်ရွံ့ခြင်းကြောင့် တံငါသည်များ၏ အခွင့်အရေးများကို ဆုံးရှုံးစေလျှင်ပင် ထိုသို့လုပ်ဆောင်ရန် ဆုံးဖြတ်ပုံရသည်။




# သင်္ဘောစစ်ဆေးရေး လုပ်ငန်းစဉ်တွင် သိသာထင်ရှားသော ကွာဟချက်များ ရှိနေဆဲဖြစ်သည်

အမေရိကန်ပြည်ထောင်စု လူကုန်ကူးမှုအစီရင်ခံစာသည် **PIPO** စစ်ဆေးရေးများက ချိုးဖောက်မှုများကို ဖော်ထုတ်ရာတွင် ထိရောက်မှုမရှိကြောင်းကို လွန်ခဲ့သည့် ၃ နှစ်အတွင်း နှစ်စဉ်နှစ်တိုင်း အသိပေးခဲ့သည်။ ၂၀၂၁ ခုနှစ် **TIP** အစီရင်ခံစာတွင် ထိုင်းအစိုးရသည် ၂၀၂၀ ခုနှစ်၌ ငါးဖမ်းသင်္ဘော ၅၅,၈၁၈ စီး (၂၀၁၉ ခုနှစ်တွင် ၄၄,၃၂၂ စီး) ပေါ်တွင် အလုပ်သမားဆိုင်ရာ စစ်ဆေးရေးများကို ပြုလုပ်ရာတွင် သင်္ဘော ၁၉ စီးတွင်သာ အလုပ်သမားဥပဒေချိုးဖောက်မှုများကို ဖော်ထုတ်ခဲ့ကြောင်း အစီရင်ခံတင်ပြခဲ့ပါသည်။[9] အံ့အားသင့်စရာကောင်းသည်မှာ ၂၀၂၃ **TIP** အစီရင်ခံစာတွင် ထိုင်းအစိုးရသည် ငါးဖမ်းသင်္ဘောများပေါ်တွင် အလုပ်သမားဆိုင်ရာ စစ်ဆေးရေးများ ပြုလုပ်ခြင်းကြောင့် လူကုန်ကူးခံရသူများကို ဖော်ထုတ်နိုင်ခဲ့ကြောင်း အစီရင်ခံခဲ့ခြင်း တစ်ခါမျှမရှိဖူးကြောင်း ဖော်ပြထားခြင်းဖြစ်သည်။[10]

အဆိုပါစိုးရိမ်မှုများဖြစ်ပေါ်ရခြင်းအတွက် ခိုင်လုံသော အကြောင်းပြချက်များရှိသည်မှာ ငြင်း၍မရပေ။ တံငါသည်များထံ ဆက်သွယ်မှုများ၊ များစွာသော အစည်းအဝေးများ၊ နှံ့စပ်သော တွေ့ဆုံမေးမြန်းမှုများနှင့် **PIPO** သင်္ဘောစစ်ဆေးရေးအား စောင့်ကြည့်လေ့လာမှုတို့အတွက် နာရီပေါင်းသောင်းနှင့်ချီ၍ပေးဆပ်ပြီးနောက် **FRN** သည် ထိုင်းအစိုးရစစ်ဆေးရေးစနစ်တွင် ထင်ရှားသော ချို့ယွင်းချက်ငါးချက်ကို ထောက်ပြခဲ့ပါသည်။ ဤချို့ယွင်းချက်အစုအပေါင်းသည် ရွှေ့ပြောင်းတံငါသည်များ၏ အခွင့်အရေးများကို ကာကွယ်ပေးရန် အရေးပါသော ကြိုးပမ်းမှုတွင် မူဝါဒကို လိုက်နာအောင် လုပ်ဆောင်ရန်၊ စည်းမျဉ်းချိုးဖောက်မှုများကို ဖော်ထုတ်ရန်နှင့် မှန်ကန်သော စီရင်ဆုံးဖြတ်မှုများ ချမှတ်ရန် စနစ်လိုက် ရှုံးနိမ့်မှုကို ဖြစ်ပေါ်စေပါသည်။ **ILO** သည် လက်မှတ်ရေးထိုးထားသည့်နိုင်ငံများအနေဖြင့် သဘောတူညီချက်များအား အကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲရန် အဓိကတာဝန်ရှိသော အာဏာပိုင်ဖြစ်သည့်အလျောက် ထိုင်းနိုင်ငံအား ၎င်းလုပ်ဆောင်ရမည့်ဝတ္တရားများအတွက် တာဝန်ခံခိုင်းရာတွင် ပို၍ခိုင်မာပြတ်သားသော ရပ်တည်ချက်တစ်ခုကို ပြသရမည်ဖြစ်သည်။

## စစ်ဆေးရေးများအတွင်း တံငါသည်များအား လျှို့ဝှက်ထားရှိပေးမှုနှင့် ကာကွယ်ပေးမှုအပေါ် အဓိကအလေးမစိုက်ခြင်း

**#1**

**PIPO** စစ်ဆေးရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်သည့်နည်းလမ်းများသည် တံငါသည်များအား စည်းမျဉ်းချိုးဖောက်မှုများကို ထိရောက်စွာ မတိုင်ကြားလိုအောင် သို့မဟုတ် တိုင်ကြားခြင်းမှ တားဆီးအောင် အများအားဖြင့် ပြုလုပ်လျက်ရှိပြီး စည်းမျဉ်းချိုးဖောက်မှုများကို ထိရောက်စွာ စုံစမ်းစစ်ဆေး၍ ဖော်ထုတ်ပေးသည့် **PIPO** အဖွဲ့များကို ထားရှိရန် ပျက်ကွက်လေ့ရှိပါသည်။ ရလဒ်အနေဖြင့် တံငါသည်များအား အတင်းအဓမ္မအလုပ်ခိုင်းစေမှု သို့မဟုတ် အခြားဥပဒေချိုးဖောက်မှုများကို နှစ်ကိုယ်ကြားသီးသန့် တိုင်ကြားနိုင်သော ကပ္ပတိန် သို့မဟုတ် သင်္ဘောပိုင်ရှင်များ မတွေ့မြင်နိုင်သည့် ဝေးကွာဘေးကင်းသောနေရာများတွင် တွေ့ဆုံမေးမြန်းခြင်းမရှိချေ။[11] ပုံမှန်အားဖြင့် တွေ့ဆုံမေးမြန်းမှုများကို ဆိပ်ခံတံတားများပေါ်ရှိ အကာအရံမရှိသောနေရာများ သို့မဟုတ် တစ်စိတ်တစ်ပိုင်းသာ ကာရံထားသော ထရပ်ကားများ၏ အနောက်ဘက်တွင် ပြုလုပ်လေ့ရှိပြီး ဘေးတွင်ရှိနေသာသူတိုင်းအတွက် ဖြေဆိုသူအား စောင့်ကြည့်ရန်နှင့် ဖြေဆိုမှုကို နားထောင်ရန် လွယ်ကူစေပါသည်။ တံငါသည်များ၏ လုံခြုံရေးအတွက် လျှို့ဝှက်ထားရှိပေးမှုနှင့် စိုးရိမ်မှုကင်းမဲ့သောကြောင့် ၎င်းတို့သည် လှေပိုင်ရှင်များ သို့မဟုတ် ကပ္ပတိန်များထံမှ လက်တုံ့ပြန်မည်ကို ကြောက်ရွံ့သဖြင့် စည်းမျဉ်းချိုးဖောက်မှုများကို တိုင်ကြားခြင်းမပြုရန် အများအားဖြင့် ရွေးချယ်ကြပါသည်။

## #2

### စစ်ဆေးရေးများသည် ပြည့်စုံမှုမရှိဘဲ အပေါ်ယံသာဖြစ်ကာ အလွန်တိုတောင်းလွန်းပါသည်

ပျမ်းမျှ PIPO စစ်ဆေးရေးသည် ၁၅ မိနစ်သာ ကြာကြောင်း ILO မှ မှတ်သားထားပြီး[12] FRN ၏ လေ့လာတွေ့ရှိချက်များအရ စစ်ဆေးရေး အများအပြားသည် ၅ မိနစ်အောက်သာ ကြာမြင့်ကြောင်း ဖော်ပြထားပါသည်။ စစ်ဆေးရေးကြာချိန်အတွက် နိုင်ငံတကာစံနှုန်းသတ်မှတ်ထားခြင်းမရှိသော်လည်း နိုင်ငံပေါင်း ၅၇ နိုင်ငံရှိ ဆိပ်ကမ်းပေါင်း ၁၂၀ မှ စစ်ဆေးရေးမှူး ၁၄၀ ပါဝင်သော ITF စစ်ဆေးရေးအဖွဲ့အစည်းသည်[13] အခြေအနေများကို နှံ့စပ်စွာစစ်ဆေး၍ သင်္ဘောပေါ်တွင် လိုက်ပါသူများနှင့် တွေ့ဆုံမေးမြန်းရန်အတွက် သင်္ဘောတစ်စီးလျှင် အနည်းဆုံး မိနစ် ၅၀ ခန့် အချိန်ယူကြောင်း အစီရင်ခံထားပါသည်။ ထိုင်းနိုင်ငံတွင် စစ်ဆေးရေးကြာချိန် တိုတောင်းသည့်အပြင် အွန်လိုင်းမှတစ်ဆင့်သာ လုပ်ဆောင်သည့် စစ်ဆေးရေး အရေအတွက်တိုးများလာသည့်အတွက် တံငါသည်များအား စိုးရိမ်ပူပန်မှုများကို ဖော်ပြရန် သို့မဟုတ် ၎င်းတို့၏ အလုပ်အကိုင်စာချုပ်ပါ စည်းမျဉ်း သတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းချက်ကို ရယူရန် အခွင့်အလမ်းများမပေးချေ။ စစ်ဆေးရေးများကို စာရွက်ပေါ်တွင် ပြုလုပ်သည်ဖြစ်စေ၊ အွန်လိုင်းပေါ်တွင် ပြုလုပ်သည်ဖြစ်စေ ၎င်းတို့သည် အလျင်စလိုဖြင့် အမှန်ခြစ်ခြင်းအစား သင်္ဘောပေါ်ရှိ တံငါသည်များရင်ဆိုင်ရသည့် စင်စစ်အခြေအနေများကို စေ့စပ်စစ်မှန်စွာ စစ်ဆေးခြင်းမျိုးဖြစ်သင့်ပါသည်။

## #3

### သင်္ဘောပိုင်ရှင်များ/ကပ္ပတိန်များသည် တံငါသည်များအပေါ် အပြည့်အဝ ထိန်းချုပ်နိုင်စွမ်းရှိပြီး စစ်ဆေးရေးမှူးများအပေါ် ဖိအားပေးပါသည်

အထောက်အထားပြ စာရွက်များ၊ ဘဏ်စာအုပ်များနှင့် ATM ကတ်များ၊ အလုပ်ချိန်မှတ်စုစာအုပ်များ၊ လစာချလံများနှင့် အလုပ်အကိုင်စာချုပ်များကဲ့သို့သော အရေးကြီးသည့် စာရွက်စာတမ်းများကို သင်္ဘောပိုင်ရှင်များနှင့် ကပ္ပတိန်များက တစ်ဦးတည်းထိန်းချုပ်ခြင်းဖြင့် စစ်ဆေးရေးများကို အလွယ်တကူ ခြယ်လှယ်နိုင်ပါသည်။ ဤစာရွက်စာတမ်းများကို ပုံမှန်အားဖြင့် ကုန်းပေါ်ရှိ ပလတ်စတစ်သေတ္တာ သို့မဟုတ် သင်္ဘောပေါ်ရှိ ကပ္ပတိန်အခန်းကဲ့သို့သော တည်နေရာတစ်ခုတည်းတွင် သိမ်းဆည်းထားသဖြင့် စစ်ဆေးရေးအတွင်း ၎င်းတို့ကို စည်းမျဉ်းလိုက်နာသည့်ပုံစံပေါက်အောင် အလွယ်တကူ ပြင်ဆင်ခြင်း နှင့်/သို့မဟုတ် တင်ပြခြင်းတို့ကို ပြုလုပ်နိုင်ပြီး လွဲမှားသည့် စည်းမျဉ်းလိုက်နာမှုအမြင်ကို ဖြစ်ပေါ်စေပါသည်။

သင်္ဘောပိုင်ရှင်များသည် များသောအားဖြင့် ဒေသခံအသိုင်းအဝိုင်းတွင် ဩဇာကြီးမားသူများဖြစ်ပြီး စစ်ဆေးရေးတွင် ၎င်းတို့ရှိနေခြင်းသည် တံငါသည်များနှင့် စစ်ဆေးရေးမှူးနှစ်ဦးစလုံးအတွက် ထိတ်လန့်မှုဖြစ်စေနိုင်ပါသည်။ ယင်းသည် အလုပ်သမားများအား ၎င်းတို့၏ ခေါင်းပုံဖြတ်ခံရမှုကို အာဏာပိုင်များထံ တိုင်ကြားခြင်းမှ ဟန့်တားနိုင်ဖွယ်ရှိပါသည်။[14] တံငါသည်တစ်ဦးသည် စည်းမျဉ်းချိုးဖောက်မှုတစ်ခုအား တိုင်ကြားသည့်ကိစ္စရပ်များတွင် PIPO သည် သင်္ဘောပိုင်ရှင်/ကပ္ပတိန်နှင့် တံငါသည်တို့အကြား ကြေးအေးမှုတစ်ခုကို ပြေလည်စွာ 'ညှိနှိုင်း' ရန်အတွက် တွေ့ဆုံမှုတစ်ခုကို စီစဉ်ပေးနိုင်ပါသည်။ ဤသို့တွေ့ဆုံစေမှုသည် အခြေခံအားဖြင့် အနိုင်ကျင့်သူကို အနိုင်ကျင့်ခံရသူနှင့် ထိပ်တိုက်တွေ့စေပြီး များသောအားဖြင့် တံငါသည်အား ၎င်းတို့ တရားဝင်ရပိုင်ခွင့်များထက် လွန်စွာနည်းပါးသည့် ကြေးအေးမှုတစ်ခုကို သဘောတူရန် အတင်းအကျပ် ဖိအားပေးခံရကာ ၎င်းတို့အား ပိုမိုဆိုးရွားသော အလွဲသုံးစားလုပ်ခံရမှုကို ခံစားရနိုင်စေသည့် အလားအလာရှိပါသည်။ ဤအခြေအနေများကို တရားဝင် PIPO အစီရင်ခံစာများတွင် မှတ်တမ်းအတင်ခံရခြင်းနှင့် တရားဝင်စာရင်းအင်းများတွင် ပေါ်လာခြင်းတို့မှ ရှောင်လွှဲရန် ပုံမှန်အားဖြင့် ဖုံးကွယ်ထားလေ့ရှိပါသည်။



ဆိပ်ခံတံတားပေါ်ရှိ လူရှေ့သူရှေ့နေရာ၌ တံငါသည်တစ်ဦးအား *PIPO* မှ တွေ့ဆုံမေးမြန်းနေပုံ၊ ကပ္ပတိန်နှင့် သင်္ဘောပိုင်ရှင်များအတွက် ဖြေဆိုသူမည်သူဖြစ်ကြောင်းသိရှိရန်နှင့် ဖြေဆိုမှုကို နားထောင်ရန် လွယ်ကူစေပြီး တံငါသည်များအား ၎င်းတို့၏ လုပ်ငန်းခွင်အခြေအနေများနှင့် ဖြစ်နိုင်သော အလွဲသုံးစားလုပ်မှုများကို တိုင်ကြားရန် ထိတ်လန့်စေပါသည်။

## #4

### ဘာသာစကားအတားအဆီးများသည် ကြီးမားသော စိန်ခေါ် မှုတစ်ရပ်ဖြစ်ဆဲဖြစ်သည်

စစ်ဆေးရေးများအတွင်း တံငါသည်များသည် ၎င်းတို့နားလည်သည့် ဘာသာစကားဖြင့် စကားပြန်ဆိုမှုကို အမြဲတမ်း လက်ခံရရှိခြင်းမရှိပေ။ **PIPO** အဖွဲ့အများစုရှိ ဝန်ထမ်းများတွင် ခမာ သို့မဟုတ် မြန်မာဘာသာပြန်များပါရှိသော်လည်း၊ ဘာသာပြန်များကို ဘတ်ဂျက်မှ ဖြတ်တောက်လိုက်သည့် စင်တာအရေအတွက်ပိုများလာပါသည်။ ထိုင်းအစိုးရအနေဖြင့် ဤအရေးကြီးသောရာထူးနေရာများအတွက် သီးသန့်ပေးအပ်သည့် **ILO** ငွေကြေးထောက်ပံ့မှုကို လက်ခံရရှိနေသော်လည်း စစ်ဆေးရေးအဖွဲ့၏ အရေးကြီးသော ဤရာထူးနေရာကို **PIPO** စင်တာများအားလုံးတွင် ဖြတ်တောက်ပစ်ရန် ဖြစ်နိုင်ခြေရှိပါသည်။ ယင်းသည် ထိုင်းငါးဖမ်းသင်္ဘောများပေါ်ရှိ လုပ်သားအင်အား၏ ၉၉% ဖြစ်သော ရွှေ့ပြောင်းတံငါသည်များအား ၎င်းတို့၏ဘာသာစကားဖြင့် ပြောဆိုဆက်သွယ်နိုင်စွမ်းနှင့် စည်းမျဉ်းချိုးဖောက်မှုများကို တိုင်ကြားနိုင်စွမ်းတို့ကို ဆုံးရှုံးနိုင်စေမည့် အန္တရာယ်ရှိစေပါသည်။

မကြာသေးမီအချိန်ဖြစ်သော ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ထရက် **(Trat)** ပြည်နယ်၊ ခလောင်ယိုင် **(Khlong Yai)** မြို့၌ ဖြစ်ပွားခဲ့သည့် ဥပမာတစ်ခုသည် ဤပြဿနာကို ထင်ရှားစွာ ပြသပေးပါသည်။ ယင်းဥပမာမှာ မြန်မာနိုင်ငံသားများပါရှိသည့်သင်္ဘောများ အစဉ်အဆက်ရှိသော်လည်း ပြည်တွင်း **PIPO** ရုံးတွင် မြန်မာဘာသာပြန်သူရှိမနေမှုဖြစ်သည်။ **FRN** သည် ဖြစ်နိုင်သောအခါ ဘာသာပြန်အကူအညီအတွက် မြန်မာဝန်ထမ်းတစ်ဦးကို ခန့်အပ်ပေးရန် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ဤအချက်သည် **PIPO** နှင့် အလုပ်သမားအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုကို ပြသသော်လည်း ဝန်ထမ်းလိုအပ်ချက်များကို ဖော်ထုတ်ရန်နှင့် စောလျင်စွာဖြေရှင်းရန် တာဝန်သည် အစိုးရထံတွင် ရှိနေသင့်ပါသည်။ အစိုးရမှ အတည်မပြုထားသော ဘာသာပြန်တစ်ဦးနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ပါဝင်ပတ်သက်သူအားလုံးအတွက် တရားဥပဒေဆိုင်ရာ တာဝန်ခံမှုအန္တရာယ်ကိုလည်း ဖြစ်စေပါသည်။

ဤစိုးရိမ်မှုကို ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သော ပြည်နယ်ခုနစ်ခုရှိ သင်္ဘော ၁၅၀ မှ တံငါသည် ၅၀၀ ကျော် ပါဝင်ဖြေဆိုထားသည့် **FRN** ၏ တံငါသည်စာချုပ်များစစ်တမ်းက ထင်ရှားစွာ ပြသထားပါသည်။ စစ်တမ်းအရ တံငါသည် ၈၉% သည် ၎င်းတို့၏ မိခင်ဘာသာစကားဖြင့် ရေးသားပြန်ဆိုထားသည့် အလုပ်အကိုင်စာချုပ်မိတ္တူကို မရရှိဆဲဖြစ်ပြီး ၎င်းတို့နားလည်သည့် ဘာသာစကားဖြင့် ထိုစာချုပ်များကို ရှင်းပြထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ဤအချက်သည် **PIPO** စင်တာများမှတစ်ဆင့် ဘာသာပြန်ဝန်ဆောင်မှုများရရှိခြင်း၏ အရေးပါမှုကို အလေးပေးဖော်ပြပါသည်။[15] ထို့အပြင် အလုပ်သမားဆိုင်ရာ စည်းမျဉ်းချိုးဖောက်မှုများကို တိုင်ကြားသည့်အခါ တံငါသည်များထံမှ တိုင်ကြားချက်များကို ဘာသာပြန်ခြင်းမပြုရန် တာဝန်ရှိသူများက စကားပြန်များကို တစ်ခါတစ်ရံတွင် ညွှန်ကြားခြင်းမျိုးရှိတတ်သောကြောင့် ဘာသာပြန်စဉ်အတွင်း အကျင့်ပျက်ခြစားသော အလေ့အထများဖြစ်နိုင်ခြေရှိကြောင်း သတိပြုထားသင့်ပါသည်။[16]


## #5

### **PIPO** စစ်ဆေးရေးအဖွဲ့များ၏ ညှိနှိုင်းလုပ်ဆောင်မှုစနစ်သည် တစ်သမတ်တည်းမကျသော စစ်ဆေးရေးစံနှုန်းများကို ဖြစ်စေပါသည်

အစိကစိန်ခေါ်မှုသည် အရာရှိများအား တစ်နေရာမှတစ်နေရာသို့ မကြာခဏ ရွှေ့ပြောင်းခန့်အပ်ခြင်းဖြစ်ပြီး ယင်းသည် တစ်ခါတစ်ရံတွင် လအနည်းငယ်ကြာတိုင်းတစ်ခါ ဖြစ်ပေါ်လေ့ရှိပါသည်။ အာဏာပိုင်များက ဤသို့လုပ်ဆောင်ခြင်းသည် အကျင့်ပျက်ခြစားမှုအန္တရာယ်ကို ဒေသန္တရအဆင့်တွင် လျော့ပါးစေရန်ဖြစ်သည်ဟု အကြောင်းပြသော်လည်း ယင်းလုပ်ရပ်တွင် မလိုလားအပ်သော အကျိုးဆက်များ ရှိနေပါသည်။ အရာရှိများသည် မိမိတာဝန်ကျရာဒေသ၏ နောက်ခံကို လေ့လာရန်နှင့် တံငါသည်များ၊ အလုပ်သမားအဖွဲ့အစည်းများ သို့မဟုတ် **CSO** များကဲ့သို့သော အစိကသက်ဆိုင်သူများနှင့် ယုံကြည်စိတ်ချရသော ဆက်ဆံရေးကို တည်ဆောက်ရန် အချိန်အလုံအလောက် မရရှိကြပေ။[17]


ထို့အပြင် **PIPO** အဖွဲ့များသည် မတူညီသော အစိုးရအေဂျင်စီငါးခုမှ စစ်ဆေးရေးမှူးများကို တစ်လှည့်စီတာဝန်ချပေးသောကြောင့် နေရာအများအပြားရှိ အဖွဲ့များတွင် ဒေသန္တရအဆင့် အပြောင်းအလဲများ နေ့စဉ်ဖြစ်ပေါ်စေပါသည်။ ဤစဉ်ဆက်မပြတ် တစ်လှည့်စီတာဝန်ချပေးမှုသည် စည်းလုံးညီညွတ်သော အဖွဲ့ဗျူဟာများကို ရေးဆွဲဖန်တီးရန်နှင့် အကောင်အထည်ဖော်ရန်၊ စစ်ဆေးရေးစံနှုန်းများတွင် တစ်သမတ်တည်းကျမှုကို ထိန်းသိမ်းရန် ခက်ခဲစေပါသည်။ **FRN** အနေဖြင့် တည်နေရာတစ်ခုစီရှိ အရာရှိတာဝန်ကျချိန်ကို တိုးချဲ့ရန်၊ စစ်ဆေးရေးဆိုင်ရာ တစ်သမတ်တည်းကျမှုကို သေချာစေရန် အဖွဲ့ဗျူဟာနှင့် ဆက်ဆံရေးတည်ဆောက်ခြင်းအတွက် ဒေသန္တရလုပ်ဆောင်မှုများကို မြှင့်တင်ရန်နှင့် **PIPO** အရာရှိများအား ဒေသခံတံငါသည်များ၊ အလုပ်သမားအဖွဲ့အစည်းများ၊ **CSO** များနှင့် ခင်မင်ရင်းနှီးမှုများ တည်ဆောက်ရန် အကြံပြုပါသည်။ ဤနည်းလမ်းသည် စိုးရိမ်ပူပန်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းတို့ကို လွယ်ကူချောမွေ့စေပြီး ဒေသန္တရအခြေအနေများနှင့် အလေ့အကျင့်ဆိုင်ရာ အသိပညာများသည် လက်ရှိအချိန်တွင် မှန်ကန်မှုရှိနေကြောင်း သေချာစေပါသည်။[18]

**FRN** မှ ပြုလုပ်သော **PIPO** စုံစမ်းလေ့လာရေးနေ့များ
နိုဝင်ဘာ ၁ ရက်၊ ၂၀၂၁ မှ ဩဂုတ် ၃၀၊ ၂၀၂၃




# ရှေ့သို့လှမ်းချီရန် ခြေလှမ်းငယ်များ - အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှု၊ ပိုမိုတိုးတက်ရန် အလားအလာများ

ရနောင်းမြို့တွင် ILO၊ PIPO နှင့် ရနောင်းငါးလုပ်ငန်းအဖွဲ့အစည်းတို့နှင့် လက်တွဲဆောင်ရွက်စဉ် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း **FRN** သည် ဆောင်ခလာမြို့နှင့် ခလောင်ယိုင်မြို့ (ထရက်ပြည်နယ်) ကဲ့သို့သော နေရာအသီးသီးရှိ **PIPO** စင်တာများ၊ ငါးလုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် ထင်ရှားသောတိုးတက်မှုများကို ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါဒေသများရှိ **PIPO** အဖွဲ့များသည် **FRN** ကို စစ်ဆေးရေးများ စောင့်ကြည့်လေ့လာရန်၊ ရှေးဦးသူနာပြုသေတ္တာများများ ဖြန့်ဝေပေးရန်နှင့် သင်္ဘောပေါ်တွင်လိုက်ပါသူများအား ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေးသင်တန်းများ ပို့ချပေးရန် ခွင့်ပြုပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ကို ပြသခဲ့သည်။ ယင်းသည် **FRN** ကို တံငါသည်များနှင့် **PIPO** အကြား အရေးပါသော ချိတ်ဆက်မှုတစ်ခုအဖြစ် ပြုမူနိုင်စေခဲ့ပြီး တံငါသည်များအား ၎င်းတို့ကိုယ်တိုင်ကိုယ်ကျ ထုတ်ပြောရန် အဆင်မပြေသည့် ပြဿနာများကို စစ်ဆေးရေးအတွင်း တိုင်ကြားနိုင်အောင် ကူညီပေးခဲ့ပါသည်။



ထို့အပြင် ဆောင်ခလာမြို့ ငါးလုပ်ငန်းအဖွဲ့အစည်းသည် **FRN** ကဲ့သို့သော အလုပ်သမားအဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ရန် ဆန္ဒရှိကြောင်းပြသခဲ့ပြီး လွန်ခဲ့သည့်နှစ်များစွာတစ်လျှောက် ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေးဆိုင်ရာ အစီအစဉ်များနှင့် အရေးပေါ် လုပ်ထုံးလုပ်နည်းဆိုင်ရာ လေ့ကျင့်ရေးအစီအစဉ်များစွာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ဤနေရာများတွင် **C188** စံနှုန်းများကို လိုက်နာအောင် လုပ်ဆောင်ရာတွင် ကွာဟချက်များနှင့် စာရွက်စာတမ်းများ အပိုင်သိမ်းထားမှု၊ လစာ ပုံမှန်မပေးမှု၊ လုံလောက်စွာ မဖြည့်တင်းထား၍ ရယူသုံးစွဲနိုင်မှုမရှိသော ရှေးဦးသူနာပြုသေတ္တာများ၊ နှစ်ကိုယ်ကြားသီးသန့်မဟုတ်သော တွေ့ဆုံမေးမြန်းမှုများနှင့် အခြားသော ချိုးဖောက်မှုများ ကဲ့သို့သော ထပ်ခါထပ်ခါဖြစ်နေသည့် ပြဿနာများ အပါအဝင် စိန်ခေါ်မှုများ ဆက်လက်ရှိနေသော်လည်း ထိုလုပ်ဖော်ကိုင်ဖက်များ၏ ပူးပေါင်းလုပ်ကိုင်လိုစိတ်သည် **ILO** ဦးဆောင်သော ရနောင်း **PIPO** ရှေ့ပြေးစီမံကိန်းအတွေ့အကြုံနှင့် လုံးဝကွဲပြားသော ဦးတည်ချက်မှန်ကန်သည့် အပြုသဘောဆောင်သော ခြေလှမ်းတစ်ခုဖြစ်ပါသည်။





*FRN* ရဲ့ စည်းရုံးရေးသမားများက ငါးဖမ်းသူများအတွက် ကျန်းမာရေးနှင့် ဘေးကင်းရေး၊ ရှေးဦးသူနာပြုစုခြင်း နှင့် *CPR* သင်တန်းများကို ဆောင်ရွက်ပေးနေပါသည်။

## **PIPO** နှင့်တံငါသည်အမှုကိစ္စ ပူးပေါင်းဆောင်ရွက်မှု

တံငါသည်များအနေဖြင့် အခွင့်အရေးချိုးဖောက်မှုများကို **PIPO** စင်တာများသို့ တိုင်ကြားမှုကို ကူညီဆောင်ရွက်ပေးရာတွင် **FRN** ၏ အတွေ့အကြုံများသည် ကွဲပြားမှုရှိပါသည်။ အချို့သောစင်တာများသည် လုပ်ငန်းစဉ်တစ်ခုလုံးတွင် လိုအပ်သည့်အရာများကို အလွယ်တကူ ရယူနိုင်စေပြီး ဆက်သွယ်ပြောဆိုလိုစိတ် အလွန်မြင့်မားကြောင်း သက်သေပြသခဲ့ပြီး အချို့မှာမူ ဆက်သွယ်ရ ခက်ခဲ၍ ပူးပေါင်းဆောင်ရွက်မှုမရှိကာ ထိရောက်သော ဆက်သွယ်ပြောဆိုမှု မရှိခဲ့ချေ။ ရနောင်းမြို့ **PIPO** သည် ညှိဖျင်းသော ဆက်သွယ်ပြောဆိုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ထင်ရှားသောဥပမာတစ်ခုဖြစ်ပါသည်။ **FRN** သည် ရနောင်းမြို့ **PIPO** သို့ ဖုန်း၊ အီးမေးလ်နှင့် လူကိုယ်တိုင်လာရောက်မှုမှတစ်ဆင့် အမှုကိစ္စများစွာကို ထပ်ခါတလဲလဲ တိုင်ကြားထားသော်လည်း အလွန်နည်းပါးသည့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှု သို့မဟုတ် နောက်ဆက်တွဲလုပ်ဆောင်မှုတို့ကိုသာ စဉ်ဆက်မပြတ်ရရှိထားသည်။ ဆန့်ကျင်ဘက်အနေဖြင့် **PIPO** နှင့် **FRN** ကြား ပူးပေါင်းဆောင်ရွက်မှုများတွင် ပြီးပြည့်စုံခြင်းမရှိသော်လည်း အပြုသဘောဆောင်သည့် ဥပမာအချို့ရှိပါသည် -

### ဖြစ်ရပ်မှန် လေ့လာမှု ၁ ပင်လယ်ပြင်တွင်တံငါသည်တစ်ဦး ထိခိုက်ဒဏ်ရာရမှု - ချုံဖွန်မြို့

တံငါသည်တစ်ဦးသည် ပင်လယ်ပြင်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ၎င်း၏ကပ္ပတိန်သည် ကမ်းသို့ပြန်ရန် ဥပဒေအရ သတ်မှတ်ချက်ကို လိုက်နာရန် ငြင်းဆိုခဲ့သည်။ **FRN** သည် ဤအဖြစ်အပျက်အား ချုံဖွန်မြို့ရှိ **PIPO** သို့ ဖုန်းနှင့် အီးမေးလ်နှစ်ခုလုံးမှတစ်ဆင့် တိုင်ကြားခဲ့သည်။ **PIPO** စင်တာသည် ဒဏ်ရာရထားသည့် တံငါသည်ကို ဆေးရုံသို့ပို့ဆောင်ရန် သင်္ဘောအား ညွှန်ကြားခြင်းဖြင့် လျင်မြန်စွာ ကြားဝင်ဆောင်ရွက်ပေးခဲ့ပြီး စေ့စပ်သော စုံစမ်းစစ်ဆေးမှုတစ်ခုကို လုပ်ဆောင်ခဲ့ကာ သင်္ဘောပိုင်ရှင်မှ ဆေးဖိုးဝါးခ အားလုံးကို ပေးဆောင်ကြောင်း သေချာစေခဲ့ပါသည်။ ထို့အပြင် ချုံဖွန်မြို့ရှိ **PIPO** သည် **FRN** နှင့် ရှေ့ဆက်ဆက်သွယ်မှုကို ဆက်လက်ပြုလုပ်ခဲ့ပြီး ဖုန်းပြောဆိုမှုများနှင့် အီးမေးလ်စာပေးစာယူများမှတစ်ဆင့် ဤအမှုကိစ္စနှင့်ပတ်သက်သည့် အကြောင်းအရာအပြည့်အစုံနှင့် လုပ်ဆောင်ခဲ့သည့်အဆင့်များကို အသိပေးခဲ့ပါသည်။



တံငါသည်အများစုအနေဖြင့် ၎င်းတို့၏ အထောက်အထားပြ စာရွက်စာတမ်းများကို *PIPO* စစ်ဆေးရေးတွင်သာ ဓာတ်ပုံတစ်ပုံအဖြစ်မြင်ရပြီး အခြားအချိန်များတွင် သင်္ဘောပိုင်ရှင်က ထိုစာရွက်စာတမ်းများကို စုဆောင်း၍ သိမ်းဆည်းထားပါသည်။

## ဖြစ်ရပ်မှန် လေ့လာမှု ၂
## တံငါသည်တစ်ဦးမှ ကိုယ်ထိလက်ရောက် ရိုက်နှက်ခံရ၍ စာရွက်စာတမ်း အပိုင်သိမ်းထားမှု - ကူရာဘူရီခရိုင်

**FRN** ထံမှအကူအညီရယူသည့် တံငါသည်တစ်ဦးသည် ၎င်း၏သင်္ဘောကပ္ပတိန်နှင့် အငြင်းပွားမှုတစ်ခုဖြစ်ပွားပြီးနောက် ကပ္ပတိန်က ခြိမ်းခြောက်ကာ ကိုယ်ထိလက်ရောက် ရိုက်နှက်ခဲ့ကြောင်း သိရသည်။ **FRN** သည် တံငါသည်အား ပုန်းအောင်းရန် ကူညီပေးခဲ့ပြီး အဖြစ်အပျက်အား ကူရာဘူရီခရိုင်ရှိ **PIPO** သို့ ဖုန်းနှင့် အီးမေးလ်မှတဆင့် တိုင်ကြားခဲ့သည်။ **PIPO** ရုံးသည် လုပ်ငန်းစဉ်တစ်လျှောက် ထိရောက်သော ပြောဆိုဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြသခဲ့၍ နောက်ဆုံးတွင် တံငါသည်မှ ၎င်း၏ အထောက်အထားပြ စာရွက်စာတမ်းများကိုရရှိခဲ့ပြီး ထိုအလုပ်ရှင်ထံမှ ထွက်ခွာကာ အလုပ်အကိုင်သစ်ရှာဖွေနိုင်စေခဲ့သည်။

သို့သော်လည်း **PIPO** သည် အလွတ်သဘော ကြေအေးမှုရယူရန်အတွက် တံငါသည်နှင့်ကပ္ပတိန် (အလုပ်သုံးစားလုပ်သူ) အကြား မျက်နှာချင်းဆိုင် တွေ့ဆုံညှိနှိုင်းမှု ပြုလုပ်ရန် စီစဉ်ခဲ့သဖြင့် ထိုလုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ဤကြေအေးမှုသည် ကိုယ်ထိလက်ရောက်ရိုက်နှက်မှုကို လျစ်လျူရှုပြီး တံငါသည်အား ၎င်း၏စာရွက်စာတမ်းများရယူရန်အတွက် အတင်းအကျပ် ငွေပေးခိုင်းစေခဲ့သည်။ကနဦးတွင် တံငါသည်သည် စာရွက်စာတမ်းဆိုင်ရာ “အခကြေးငွေများ” အတွက် သိရှိရသလောက် အကြွေး ဘတ် ၁၈,၀၀၀ (ကပ္ပတိန်တောင်းဆိုသည့် ဘတ် ၂၈,၀၀၀ မှလျှော့ထားခြင်းဖြစ်သည်) ကို ပေးချေပြီးမှသာ သူ့စာရွက်စာတမ်းများ၏ မိတ္တူကို ပေးအပ်ခံရမည်ဖြစ်ပါသည်။ ထိုအခကြေးငွေများကို သက်သေပြရန် စာဖြင့်ရေးသားထားသော ငွေပြေစာဟူ၍လည်း မရှိချေ။ **FRN** မှ အားကြိုးမာန်တက် ကြိုးပမ်းပြီးနောက် တံငါသည် သည် ၎င်း၏ စာရွက်စာတမ်းများကို ဆက်စပ်ကုန်ကျစရိတ် ပေးစရာမလိုဘဲ လက်ဝယ်ပိုင်ဆိုင်ခွင့်ရရှိခဲ့သည်။

ဤအမှုကိစ္စသည် တံငါသည်အတွက် အောင်ပွဲတစ်ခုအဖြစ် အဆုံးသတ်ခဲ့သော်လည်း ၎င်းသည် ဤလုပ်ငန်းနယ်ပယ်တွင် အဖြစ်များသည့် ပြဿနာတစ်ရပ်ကို ပြသခဲ့ပါသည် - စာရွက်စာတမ်း အပိုင်သိမ်းမှုကို ကြွေးမြီအနှောင်အဖွဲ့တို့ဖြင့် တွဲဖက်ထားသော အလုပ်သုံးစားလုပ်မှုသည် မကြာခဏ လျစ်လျူရှုခံရပြီး တစ်ခါတစ်ရံတွင် ၎င်းကို PIPO စီမံပေးသည့် အလွတ်သဘော ကြေအေးမှုများမှတစ်ဆင့် ဖြစ်စေပါသည်။

# ရေရှည်တည်တံ့သော အပြောင်းအလဲကို ဖန်တီးခြင်း၊ ရှေ့လျှောက်ရမည့် ခရီးလမ်းရှည်

**ILO** သည် **PIPO** စနစ်အတွက် ရန်ပုံငွေနှင့် နည်းပညာဆိုင်ရာ အရင်းအမြစ်များစွာ ရင်းနှီးမြှုပ်နှံခဲ့ပြီး အလုပ်သမား အလွဲသုံးစားလုပ်မှုများနှင့် စည်းမျဉ်းချိုးဖောက်မှုများကို ဖော်ထုတ်ရန်၊ တိုင်ကြားရန်နှင့် အရေးယူရန်အတွက် အရေးကြီးသော အချက်အချာကျသည့်နေရာများအဖြစ် ပြုမူနိုင်သည့်အလားအလာရှိသော အခြေခံအုတ်မြစ်ပါရှိသည့် **PIPO** စစ်ဆေးရေးစင်တာများကို ပံ့ပိုးပေးခဲ့သော်လည်း လက်တွေ့တွင် အောင်မြင်မှုမရှိဆဲဖြစ်သည်။ **PIPO** တွင် အလုပ်အကိုင်စာချုပ်များကို မြန်မာနှင့် ခမာဘာသာစကားများသို့ ဘာသာပြန်ဆိုရန်နှင့် တံငါသည်များအနေဖြင့် ၎င်းတို့၏ အမှန်တကယ် လုပ်ငန်းခွင်အခြေအနေများနှင့် လုပ်ခလစာများသည် ၎င်းတို့၏ အလုပ်အကိုင်စာချုပ်များတွင် ပြဋ္ဌာန်းထားသည့် စည်းမျဉ်းများကိုက်ညီကြောင်းသေချာစေရန် ၎င်းတို့ကို လုံခြုံသောနေရာများတွင် တွေ့ဆုံမေးမြန်းရန်အတွက် လိုအပ်သော ဝန်ထမ်းအင်အားနှင့် အရင်းအမြစ်များ ရှိပါသည်။ ယင်းကဲ့သို့စွမ်းရည်များရှိနေသော်လည်း **FRN** နှင့် ဆက်သွယ်မှုရှိထားသည့် တံငါသည်အများစုသည် **PIPO** လုပ်ငန်းစဉ်အပေါ်တွင် ယုံကြည်မှုကင်းမဲ့ကြောင်း ဖော်ပြကြပါသည်။ အထူးသဖြင့် ၎င်းတို့သည် ထိုင်းစစ်ဆေးရေးမှူးများ ပါဝင်သောအခါ ပွင့်လင်းစွာ ပြောဆိုရန် ကြောက်ရွံ့လွန်းသည်ဟု အများအားဖြင့် ခံစားရကြပါသည်။

ထိတ်လန့်ကြောက်ရွံ့မှုကို ခံစားရခြင်းအတွက် သင့်လျော်သော အကြောင်းပြချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၎င်းသည် ထိုင်းအလုပ်ရှင်များနှင့် ကျင့်ဝတ်မကောင်းသော အာဏာပိုင်များ၏ ရွှေ့ပြောင်းအလုပ်သမားများအပေါ် နှစ်ပေါင်းများစွာ စနစ်လိုက် လူမျိုးရေးခွဲခြားမှု၊ အလွဲသုံးစားလုပ်မှုနှင့် ခေါင်းပုံဖြတ်မှုတို့မှ အရင်းခံလာခြင်းဖြစ်ပြီး ယုံကြည်မှု တည်ဆောက်ရေးအား ခက်ခဲသောအရာတစ်ခုဖြစ်လာစေပါသည်။ နောက်ဆက်တွဲအနေဖြင့် တံငါသည်များသည် ပြဿနာများကို တိုင်ကြားခြင်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် **CSO** များထံမှ အကူအညီတောင်းခံခြင်းတို့ကို လုပ်ဆောင်ရာတွင် အများအားဖြင့် ပို၍သက်သောင့်သက်သာရှိလာပါသည်။ **FRN** ကဲ့သို့သော အလုပ်သမားအဖွဲ့အစည်းများသည် အစိုးရနှင့် အလုပ်ရှင်များ နှစ်ဖက်စလုံးကို နိုင်ငံတကာ အလုပ်သမားစံနှုန်းများအား လိုက်နာရန် တာဝန်ခံစေရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ၎င်းတို့သည် အဖိုးတန်၍ ထိလွယ်ရှလွယ်ရှိသော သတင်းအချက်အလက်များအား အာဏာပိုင်များထံမှ တံငါသည်များထံသို့ ဆက်သွယ်ပြောဆိုခြင်းကို လွယ်ကူချောမွေ့အောင်လုပ်ပေးသည့် တံတားတစ်ခုအဖြစ် ဆောင်ရွက်ပေးပါသည်။ **ILO** ၏ ကျောထောက်နောက်ခံမှုအပြင် **PIPO** စစ်ဆေးရေးမှူးများနှင့် အခြားသက်ဆိုင်ရာ ထိုင်းအာဏာပိုင်များအနေဖြင့် အလုပ်သမားအဖွဲ့အစည်းများ၊ **CSO** များနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒမရှိပါက တံငါသည်များ၏ လုပ်ငန်းခွင်အခြေအနေများ ပိုမိုကောင်းမွန်လာစေရန် ကြိုးပမ်းမှုများသည် အချည်းအနှီးဖြစ်ဆဲသာဖြစ်ပေမည်။



# အရေးယူဆောင်ရွက်ရန် နှိုးဆော်ချက် - ILO သည် ထိုင်းနိုင်ငံအား ၎င်း၏ C188 ကတိကဝတ်များကို လိုက်နာကြောင်း သေချာစေရမည်

PIPO ရနောင်း ၏ လက်ခံနိုင်ဖွယ်မရှိသော မျက်ဝါးထင်ထင် ပျက်ကွက်မှုများအပြင် ယခင်နှစ်များတစ်လျှောက် နိုင်ငံတစ်ဝှမ်းရှိ PIPO စစ်ဆေးရေးများမှ ဖော်ထုတ်တွေ့ရှိခဲ့သည့် အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုဖြစ်ရပ် အရေအတွက် အလွန်နည်းပါးခြင်းသည် ထိုင်းနိုင်ငံ၏ ငါးဖမ်းသင်္ဘော စစ်ဆေးရေးစနစ်၏ ဆိုးရွားသော အခြေအနေကို ဖော်ပြလျက်ရှိသည်။ ဤမအောင်မြင်မှုများသည် စနစ်၏ ထိရောက်မှုအပေါ် သံသယဖြစ်စေပြီး ၎င်းတို့သည် ထိုင်းနိုင်ငံငါးဖမ်းလုပ်ငန်းနယ်ပယ်ကို ဆယ်စုနှစ်များကြာ အနှောင့်အယှက်ဖြစ်စေခဲ့သော ရွှေ့ပြောင်းတံငါသည်များအား ခေါင်းပုံဖြတ်မှု ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရ၏ ကတိကဝတ်များ စစ်မှန်မှုရှိမရှိအပေါ် လေးနက်စွာ မေးခွန်းထုတ်စရာဖြစ်စေသည်။ သို့သော်လည်း ဤပြဿနာဖြစ်ရခြင်းသည် ထိုင်းအစိုးရတစ်ခုတည်းကြောင့်ဟု သတ်မှတ်၍မရနိုင်ကြောင်း သိရှိရန် အရေးကြီးပါသည်။ ထိုင်းနိုင်ငံကဲ့သို့ လက်မှတ်ရေးထိုးထားသော နိုင်ငံများတွင် ၎င်းတို့ အတည်ပြုထားသော C188 စံနှုန်းများကို လိုက်နာကြောင်း တာဝန်ခံနိုင်စေရန်အတွက် ခက်ခဲသော်ငြားလည်း လိုအပ်သည့် အရေးယူမှုများကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) က လုပ်ဆောင်နိုင်သော စွမ်းရည်မရှိမှု သို့မဟုတ် လုပ်ဆောင်ရန် မလိုလားမှုကြောင့်လည်း ဖြစ်ပါသည်။

ထို့အပြင် 2023 ခုနှစ်၊ စက်တင်ဘာလတွင် ထိုင်းနိုင်ငံ အမျိုးသားငါးလုပ်ငန်းအဖွဲ့အစည်း (National Fisheries Association of Thailand, NFAT) မှ ဝန်ကြီးချုပ်လောင်းထံ အကြံပြုထားသော ပြုပြင်ပြောင်းလဲမှုများသည် C188 စံနှုန်းများကို လိုက်နာသည့် လက်ရှိမူဝါဒများနှင့် ဥပဒေဘောင်များကို ယိုင်နဲ့စေသည့် အန္တရာယ်ရှိရုံသာမက ပြဋ္ဌာန်းချက်အား လိုက်နာအောင်လုပ်ဆောင်ရမည့်စံနှုန်းများကို ပြည့်မီရန် ထိုင်းနိုင်ငံ၏ ပျက်ကွက်ခြင်းအတွက် ILO ထံမှ ပြစ်တင်ရှုတ်ချခြင်း မရှိမှုကိုလည်း အလေးပေးဖော်ပြထားပါသည်။[19] [20] C188 ကို ထိရောက်စွာ အကောင်အထည်ဖော်ရန်နှင့် လိုက်နာအောင်လုပ်ရန် ထိုင်းနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုကို ထိုင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှစ်ခုလုံးက တစိုက်မတ်မတ် စစ်ဆေးလျက်ရှိပါသည်။ တည်ဆဲစည်းမျဉ်းများကို လျော့တင်းစေရန်နှင့် C188 စံနှုန်းများကို ပြည့်မီစေအောင် လုပ်ရာတွင် ထိုင်းနိုင်ငံ၏ ချို့ယွင်းချက်များကို လျစ်လျူရှုရန် ကြိုးပမ်းအားထုတ်မှုမှန်သမျှသည် ထိုင်းနိုင်ငံမှထွက်ရှိသော ပင်လယ်စာထုတ်ကုန်များအပေါ် ယုံကြည်မှု သိသိသာသာ ပျက်ပြားသွားစေမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ ဥရောပသမဂ္ဂနှင့် ဩစတြေးလျနိုင်ငံကဲ့သို့သော အဓိကဈေးကွက်များသည် ပင်လယ်စာတင်သွင်းသူများအနေဖြင့် နိုင်ငံတကာ အလုပ်သမားစံနှုန်းများနှင့် လူ့အခွင့်အရေးများကို လိုက်နာကြောင်း သေချာစေရန်အတွက် တင်းကြပ်သော အကောက်ခွန်ဆိုင်ရာ ကန့်သတ်ချက်များနှင့် ဥပဒေများကို ချမှတ်ထားကြောင်း သိရှိရန် အရေးကြီးပါသည်။ C188 ကို ထိရောက်စွာ အကောင်အထည်ဖော်မှုနှင့် လိုက်နာစေမှု မရှိခြင်းသည် ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းတံငါသည်များ၏ လူမှုဖူလုံရေးကို ထိခိုက်စေရုံသာမက ထိုင်းပင်လယ်စာ တင်ပို့ရောင်းချသူများအတွက်ပါ ကြီးမားသော အန္တရာယ်ဖြစ်စေပါသည်။ ထိုင်းနိုင်ငံအား C188 ကို ပြဋ္ဌာန်းသည့် ဒေသတွင်း ပထမဆုံးနိုင်ငံဖြစ်လာအောင် ဆောင်ရွက်ပေးရာတွင် ILO ၏ အောင်မြင်မှုမှာ ချီးမွမ်းစရာဖြစ်ပါသည်။ သို့ရာတွင် အချိန်ကြာလာသည်နှင့်အမျှ တံငါသည်များအား အကာအကွယ်ပေးရန် ကတိကဝတ်များသည် စည်းမျဉ်းများရေးသားထားသော စာရွက်သက်သက်သဲ့သို့ ပါးလွှာနေသဖြင့် ဤအောင်မြင်မှု၏ အရေးပါမှုသည် လျော့နည်းသွားလေသည်။ ILO အနေဖြင့် ထိုင်းအစိုးရအား ၎င်း၏ C188 ကတိကဝတ်အတိုင်း တာဝန်ယူစေရန် ဆောင်ရွက်ရမည့် ၎င်း၏တာဝန်ကို ဆက်လက်မလွှဲရှောင်ဘဲ ထိုင်းနိုင်ငံရှိ တံငါသည်အခွင့်အရေးများကို ကာကွယ်ရန်အတွက် အဓိပ္ပါယ်ရှိသော အရေးယူမှုများ ပြုလုပ်ရမည်ဖြစ်သည်။ ကမ္ဘာအနှံ့ရှိ နိုင်ငံတကာအသိုင်းအဝိုင်းက စောင့်ကြည့်နေသည်ကို မမေ့သင့်ပါ။

# FRN တောင်းဆိုချက်များ

01 ILO အနေဖြင့် ထိုင်းနိုင်ငံအား သဘောတူညီချက်အမှတ် ၁၈၈ ပါ တံငါသည်အခွင့်အရေးဆိုင်ရာ စံနှုန်းများကို အကောင်အထည်ဖော်ရန်နှင့် လိုက်နာအောင်လုပ်ရန် တာဝန်ခံစေခြင်း။

02 ထိုင်းနိုင်ငံအနေဖြင့် စည်းမျဉ်းချိုးဖောက်မှုများကို ဖော်ထုတ်ရန်၊ ပြစ်ဒဏ်များ ထုတ်ပြန်၍ လိုက်နာစေရန်နှင့် ငါးဖမ်းသင်္ဘောများပေါ်ရှိ ပြစ်မှုများကို အရေးယူရန်အတွက် PIPO ၏ စွမ်းရည်များကို တိုးမြှင့်ပေးခြင်း။

03 PIPO အဖွဲ့များအနေဖြင့် အလုပ်သမားအခွင့်အရေး အလွဲသုံးစားလုပ်မှုများနှင့် IUU ငါးဖမ်းမှုဆိုင်ရာ ချိုးဖောက်မှုများအတွက် ပိတ်ဆို့အရေးယူမှုများ၊ ဒဏ်ငွေများနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြတ်သားစွာ ဖော်ပြခြင်း၊ ပြဌာန်းခြင်းနှင့် လိုက်နာအောင်လုပ်ဆောင်ခြင်း။

04 ထိုင်းနိုင်ငံအနေဖြင့် PIPO စစ်ဆေးရေးများကို စောင့်ကြည့်လေ့လာခြင်းနှင့် သက်ဆိုင်ရာ အစိုးရအေဂျင်စီများနှင့် သတင်းအချက်အလက်များ မျှဝေမှုတွင် ပါဝင်ပူးပေါင်းခြင်းဖြင့် နိုင်ငံတစ်ဝှမ်းမှ ငါးဖမ်းဆိပ်ကမ်းများအားလုံးရှိ တံငါသည်များအား အကာအကွယ်ပေးရေးကို အားကောင်းစေရန်အတွက် အလုပ်သမားသမဂ္ဂများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSOs) ထံ အကန့်အသတ်မဲ့ ဝင်ရောက်ခွင့်ကို ပေးအပ်ခြင်း။

05 ထိုင်းနိုင်ငံအနေဖြင့် ILO သဘောတူညီချက်အမှတ် ၈၇ နှင့် ၉၈ ကို ပြဌာန်း၍ အလုပ်သမားအားလုံးအား ၎င်းတို့ကိုယ်ပိုင် အလုပ်သမားသမဂ္ဂများ ထူထောင်ကာ ၎င်းတို့အလုပ်ရှင်နှင့် စုပေါင်းညှိနှိုင်းနိုင်စေရန်အတွက် နိုင်ငံသားမရွေး အလုပ်သမားအားလုံး၏ အခွင့်အရေးများကို ကာကွယ်ပေးရန် ၁၉၇၅ ခုနှစ် ထိုင်းအလုပ်သမားဆက်ဆံရေးအက်ဥပဒေအား ပြန်လည်ပြင်ဆင်ခြင်း။

# အဆုံးသတ် မှတ်စုများ


1. ILO Ship to Shore Rights Presentation at ITF Inspectorate FishSupport Induction Workshop-Bangkok,  (2023), Achievements and Challenges in Enforcing Labour Standards through Port-in/Port-out Inspections in Thailand.
2. Environmental Justice Foundation, (2021), Thailand's Progress in Combatting IUU, Forced Labour & Human Trafficking: EJF Observations and Recommendations Volume 9, 2021, https://ejfoundation.org/reports/thailands-progress-in-combatting-iuu-forced-labour-human-trafficking-ejf-observations-and-recommendations-volume-9-2021
3. ILO Ship to Shore Rights Presentation at ITF Inspectorate FishSupport Induction Workshop-Bangkok, (2023), Achievements and Challenges in Enforcing Labour Standards through Port-in/Port-out Inspections in Thailand.
4. Royal Thai Embassy, (2019-2022), Thailand's Anti-Human Trafficking Country Reports, https://www.thaianti-humantraffickingaction.org/Home/country-reports/
5. Environmental Justice Foundation, (2021), Thailand's Progress in Combatting IUU, Forced Labour & Human Trafficking: EJF Observations and Recommendations Volume 9, 2021, https://ejfoundation.org/reports/thailands-progress-in-combatting-iuu-forced-labour-human-trafficking-ejf-observations-and-recommendations-volume-9-2021
6. Open Seas New Zealand,  (2023) Worker Livelihood, https://openseas.org.nz/worker-livelihood/
7. New Zealand Immigration, (2023), Work Rights, https://www.immigration.govt.nz/new-zealand-visas/preparing-a-visa-application/working-in-nz/work-rights
8. US Department of State, (2023),  Trafficking in Persons Report, https://www.state.gov/reports/2023-trafficking-in-persons-report/thailand
9. US Department of State, (2021) Trafficking in Persons Report, https://www.state.gov/reports/2021-trafficking-in-persons-report/thailand/
10. US Department of State, (2023), Trafficking in Persons Report, https://www.state.gov/reports/2023-trafficking-in-persons-report/thailand
11. ILO Ship to Shore Rights Presentation at ITF Inspectorate FishSupport Induction Workshop-Bangkok, (2023), Achievements and Challenges in Enforcing Labour Standards through Port-in/Port-out Inspections in Thailand.
12. ILO Ship to Shore Rights Presentation at ITF Inspectorate FishSupport Induction Workshop-Bangkok, (2023), Achievements and Challenges in Enforcing Labour Standards through Port-in/Port-out Inspections in Thailand.
13. International Transport Workers' Federation (ITF Global), (2023), ITF Inspectors, https://www.itfseafarers.org/en/about-us/itf-inspectors
14. US Department of State, (2023), Trafficking in Persons Report, https://www.state.gov/reports/2023-trafficking-in-persons-report/thailand
15. International Transport Workers' Federation (ITF Global), (2021), Fishers Rights Network Calls on Thai Government to Enforce Contract Provisions, https://www.itfglobal.org/en/news/fishers-rights-network-calls-thai-government-enforce-contract-provisions
16. US Department of State, (2023), Trafficking in Persons Report, https://www.state.gov/reports/2023-trafficking-in-persons-report/thailand
17. ILO Direct Request (CEACR) - adopted 2021, published 110th ILC session (2022), Work in Fishing Convention, 2007 (No. 188) - Thailand (Ratification: 2019), https://www.ilo.org/dyn/normlex/en/f?p=NORMLEXPUB:13100:0::NO::P13100_COMMENT_ID,P13100_COUNTRY_ID:4124412,102843
18. Environmental Justice Foundation, (2021), Thailand's Progress in Combatting IUU, Forced Labour & Human Trafficking: EJF Observations and Recommendations Volume 9, 2021, https://ejfoundation.org/reports/thailands-progress-in-combatting-iuu-forced-labour-human-trafficking-ejf-observations-and-recommendations-volume-9-2021
19. Sataburuth, Aekarach, Bangkok Post, (2023), New Prime Minister vows to tackle fishing industry woes, https://www.bangkokpost.com/thailand/general/2640086
20. Environmental Justice Foundation, (2023), CIVIL SOCIETY URGES THAI GOVERNMENT TO STOP DEREGULATION OF THE FISHERIES INDUSTRY, https://ejfoundation.org/news-media/civil-society-urges-thai-government-to-stop-deregulation-of-the-fisheries-industry




# GLOBAL JUSTICE FOR FISHERS

FISHERS RIGHTS NETWORK

itf